မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၇ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

**တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဖွဲ့စည်းခြင်း**

၁။ တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (3rd Myanmar Development Cooperation Forum - 3rd MDCF) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရန် **"တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(က) ဒေါက်တာကံဇော် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ခ) ဦးစိုးသိန်း — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၃)

(ဂ) ဦးတင်နိုင်သိန်း — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၅)

(ဃ) ဦးလှထွန်း ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၆)

(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သမဝါယမဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဏ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(န) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ပ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ

(ဖ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂။ တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မူဝါဒများနှင့် လမ်းညွှန်ချက်များချမှတ်ပေးခြင်း။

(ခ) လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စိစစ်လမ်းညွှန်ခြင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း။

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းများအား အခြားသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃။ ဦးစီးကော်မတီသည် လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော "နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေယာကွက်များစီမံခန့်ခွဲမှုကော်မတီ" ဖွဲ့စည်းသည့်အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာခိုင်မြဲ<br>ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာမျိုးသိမ်းကြီး<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးကျော်မင်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဦးညွှန့်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးနှင့်စားသုံးသူရေးရာ<br>ဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ<br>ဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာဒေါ်ခင်နိုင်ဦး<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (ဃ) | ဒေါက်တာကျော်ကျော်ခေါင်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာဒေါ်စီစီလှဘူး<br>ဒုတိယပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာစောပြုံးနိုင်<br>ဒုတိယပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာကိုကိုကျော်စိုး<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာသန်းဝင်း<br>ဒုတိယပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (စျ) | ဒေါက်တာအောင်ဝင်းကြည်<br>ဒုတိယပါမောက္ခချုပ်<br>လွိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လွိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ည) | ဒေါက်တာကြည်ရွှင်<br>ဒုတိယပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (ရ) | ဒေါက်တာဇော်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာအဖွဲ့ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာအဖွဲ့ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဌ) | ပါမောက္ခဒေါက်တာအေးထွန်း<br>ပါမောက္ခ/ဌာနမှူး<br>ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (မကွေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဍ) | ပါမောက္ခဒေါက်တာဇော်ဝေစိုး<br>ပါမောက္ခ/ဌာနမှူး<br>အရေးပေါ်ကုသမှုဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၂) ရန်ကုန်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ပ) | ဦးယဉ်ဇော်မျိုး<br>အထွေထွေမန်နေဂျာ<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကူးသန်းရောင်းဝယ်ရေးဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဏ) | ဦးထွန်းသန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန |
| (တ) | ဦးမျိုးတင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(လေ့ကျင့်/သုတေသန)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| (ထ) | ဒေါ်အေးအေးကြည်သက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံရေးရာ)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီဖွဲ့စည်းခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်နေ့) တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **"သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီ"** တို့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်ပါသည် -

(က) **နာယကအဖွဲ့**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ခ) **ဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဦးသန်းဌေး<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၁၉) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၁) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၂) | ဒေါက်တာမောင်မောင်ဌေး<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဦးစီးကော်မတီသည် လုပ်ငန်းများစနစ်တကျအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းသွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

**ဂုဏ်ထူးဆောင်ဘွဲ့အား ပြန်လည်ရုပ်သိမ်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နယ်ဘက်တရားရုံးများတွင် စစ်ဆေးအရေးယူခံခဲ့ရသော ကြည်း ၁၂၆၇၄ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဆင့် (အငြိမ်းစား)၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၅၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၆၇၊ အပိုဒ်ခွဲ (ဂ) နှင့် အပိုဒ် ၆၈ တို့အရလည်းကောင်း နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့် သရေစည်သူဘွဲ့ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

**မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၆ အရ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်၊ တည်နေရာနှင့် အဓိပ္ပာယ်ဖော်ပြချက်**

**အမည်**

၁။ ဤဖွဲ့စည်းပုံစည်းမျဉ်းကို **"မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း"** ဟုခေါ်တွင်စေရမည်။

**တည်နေရာ**

၂။ လွှတ်တော်ဆိုင်ရာအဖွဲ့၏ တည်နေရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်၌ တည်ရှိသည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၃။ ဤဖွဲ့စည်းပုံစည်းမျဉ်းတွင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **"လွှတ်တော်ဆိုင်ရာအဖွဲ့"** ဆိုသည်မှာ ဤဖွဲ့စည်းပုံစည်းမျဉ်းအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို ဆိုသည်။

(ခ) **"အဖွဲ့ဝင်"** ဆိုသည်မှာ လွှတ်တော်ဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်အသီးသီးကို ဆိုသည်။

(ဂ) **"ဥက္ကဋ္ဌ"** ဆိုသည်မှာ လွှတ်တော်ဆိုင်ရာ အဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(ဃ) **"အတွင်းရေးမှူး"** ဆိုသည်မှာ လွှတ်တော်ဆိုင်ရာ အဖွဲ့၏ အတွင်းရေးမှူးကို ဆိုသည်။

(င) **"ရုံးအဖွဲ့မှူး"** ဆိုသည်မှာ လွှတ်တော်ဆိုင်ရာ အဖွဲ့၏ ရုံးအဖွဲ့မှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ လွှတ်တော်ဆိုင်ရာအဖွဲ့၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လွှတ်တော်အသီးသီး၏လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေးမြင့်မားတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) အဖွဲ့ဝင်များအချင်းချင်း အတွေ့အကြုံဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာ ဥပဒေပြုအဖွဲ့အစည်းများ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) အပြည်ပြည်ဆိုင်ရာလွှတ်တော်များသမဂ္ဂ (Inter-Parliamentary Union-IPU) နှင့် အာဆီယံလွှတ်တော်များ ညီလာခံ (ASEAN Inter-Parliamentary Assembly-AIPA) အပါအဝင် နိုင်ငံတကာနှင့်ဒေသအတွင်း လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန်။

## အခန်း (၃)
## ဖွဲ့စည်းခြင်း၊ သက်တမ်းနှင့် အစည်းအဝေးကျင်းပခြင်း

**ဖွဲ့စည်းခြင်း**

၅။ ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် -

(က) လွှတ်တော်ဆိုင်ရာအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | နာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (၂) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |

(၄) ဥက္ကဋ္ဌအားလုံး အဖွဲ့ဝင်များ
တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အားလုံး

(၅) ဒုတိယနာယက အတွင်းရေးမှူး
ပြည်ထောင်စုလွှတ်တော်

( ခ ) လိုအပ်ပါက လွှတ်တော်ဆိုင်ရာအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခြင်းပြုနိုင်သည်။

၆။ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ရုံးအဖွဲ့မှူးဖြစ်သည်။

**သက်တမ်း**

၇။ လွှတ်တော်ဆိုင်ရာအဖွဲ့၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်သည်။

**အစည်းအဝေးကျင်းပခြင်း**

၈။ (က) လွှတ်တော်ဆိုင်ရာအဖွဲ့၏ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။

( ခ ) ဥက္ကဋ္ဌက အစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ယူဆလျှင်ဖြစ်စေ၊ လွှတ်တော်ဆိုင်ရာအဖွဲ့ဝင်ဦးရေ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်က အစည်းအဝေးကျင်းပပေးရန် တင်ပြလျှင်ဖြစ်စေ အဖွဲ့၏ အထူးအစည်းအဝေးကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

( ဂ ) လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကို ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်၊ အချိန်နှင့် နေရာတွင် ကျင်းပရမည်။

(ဃ) လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးသို့ အဖွဲ့ဝင် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

( င ) အဖွဲ့ဝင်အများစု မတက်ရောက်နိုင်သောကြောင့် အစည်းအဝေးမကျင်းပနိုင်သည့်အခါ ဥက္ကဋ္ဌသည် လွှတ်တော်ဆိုင်ရာအဖွဲ့နှင့် သက်ဆိုင်သည့်ကိစ္စများနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များ၏ ထင်မြင်ချက်နှင့် အကြံပြုချက်များကို စာဖြင့် တောင်းယူနိုင်သည်။

( စ ) လွှတ်တော်ဆိုင်ရာ အဖွဲ့ဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများကိုယ်တိုင် အစည်းအဝေးမတက်ရောက်နိုင်ပါက ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌအား တက်ရောက်စေနိုင်သည်။

## အခန်း (၄)
## လွှတ်တော်ဆိုင်ရာအဖွဲ့၏ လုပ်ငန်းတာဝန်များ

၉။ လွှတ်တော်ဆိုင်ရာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ဆိုင်ရာအဖွဲ့၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) လွှတ်တော်ဆိုင်ရာအဖွဲ့၏ လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်း၊

( ဂ ) လွှတ်တော်ဆိုင်ရာအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာလွှတ်တော်များသမဂ္ဂ၊ အာဆီယံလွှတ်တော်များညီလာခံ အပါအဝင် နိုင်ငံတကာနှင့် ဒေသအတွင်း လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်သွယ်ဆက်ဆံရေးကိစ္စများကို ဆောင်ရွက်ခြင်းနှင့် အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို အဖွဲ့ဝင်များနှင့် ပြည်သူများ သိရှိနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်လာမှုများကို နိုင်ငံတကာလွှတ်တော်များမှတစ်ဆင့် ကမ္ဘာက သိရှိစေရန် ဆောင်ရွက်ခြင်း၊

(င) အပြည်ပြည်ဆိုင်ရာနှင့် အများပြည်သူစိတ်ဝင်စားမှုရှိသော ပြည်တွင်းပြည်ပ ပြဿနာများကို စဉ်းစားသုံးသပ်ရန်နှင့် ယင်းပြဿနာများအပေါ် လွှတ်တော်အသီးသီး၏ အမြင်ကို ထုတ်ဖော်ခြင်း၊

(စ) လွှတ်တော်ဆိုင်ရာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ အတွင်းရေးမှူးသည် -

(က) လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးများ ကျင်းပရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ဆိုင်ရာအဖွဲ့၏ လှုပ်ရှားမှုများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) လွှတ်တော်ဆိုင်ရာအဖွဲ့၏ အစီရင်ခံစာကို ပြုစု၍ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးတွင် အခါအားလျော်စွာ တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၁၁။ လွှတ်တော်ဆိုင်ရာအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးတွင် သာမန်အားဖြင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) လွှတ်တော်ဆိုင်ရာအဖွဲ့၏ အစီရင်ခံစာကို တင်ပြခြင်းနှင့် အတည်ပြုခြင်း၊

(ခ) အဖွဲ့ဝင်များက တင်ပြလာသော ကိစ္စအရပ်ရပ်ကို စုပေါင်းဆွေးနွေးဆုံးဖြတ်ခြင်း။

## အခန်း (၅)
## အဖွဲ့ဝင်များ၏ တာဝန်နှင့်အခွင့်အရေးများ

၁၂။ အဖွဲ့ဝင်တိုင်းသည် လွှတ်တော်ဆိုင်ရာအဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်ဆိုင်ရာအဖွဲ့က ဆုံးဖြတ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၁၃။ အဖွဲ့ဝင်အသီးသီးသည် အစည်းအဝေးတိုင်းတွင် ဒေသအလိုက် တွေ့ကြုံရသော လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးညှိနှိုင်းရန် တင်ပြခွင့်ရှိသည်။

၁၄။ အဖွဲ့ဝင်တိုင်းသည် လွှတ်တော်ဆိုင်ရာအဖွဲ့၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရမည်။

၁၅။ အဖွဲ့ဝင်တိုင်းသည် လွှတ်တော်ဆိုင်ရာအဖွဲ့က ထုတ်ပြန်သော သတင်းအချက်အလက်များကို သိရှိခွင့်ရှိသည်။

၁၆။ အဖွဲ့ဝင်တိုင်းသည် လွှတ်တော်ဆိုင်ရာအဖွဲ့၏ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ပြီး ထိုသို့ဆောင်ရွက်ပြီးကြောင်း လွှတ်တော်ဆိုင်ရာအဖွဲ့သို့ ပြန်လည်အစီရင်ခံရမည်။

## အခန်း (၆)
## အထွေထွေ

၁၇။ ရုံးအဖွဲ့မှူးသည် -

(က) လွှတ်တော်ဆိုင်ရာအဖွဲ့၏ အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ဆိုင်ရာအဖွဲ့၏ ရုံးလုပ်ငန်းများနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို တာဝန်ခံ ဆောင်ရွက်ရမည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

**၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများစိစစ်ရေးပူးပေါင်းကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂ နှင့်အညီ ဆောင်ရွက်ရမည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရေးအတွက် “၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ စိစစ်ရေးပူးပေါင်းကော်မတီ” ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇-ခ နှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဒုတိယနာယက | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးသာ | တွံတေးမဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဦးမျိုးမြင့် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဦးသိန်းဝင်း | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) | အဖွဲ့ဝင် |
| (င) | ဦးဝင်းထိန် | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းသန်း | သာပေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကြည်တင့် | ဓနုဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခက်ထိန်နန် | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဋ) | ဦးဆွေအောင် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဌ) | ဦးလှဆွေ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်အောင်စန်းချစ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာဝင်းမြင့် | လှိုင်မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ဏ) | ဦးမှတ်ကြီး | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) | တွဲဖက်အတွင်းရေးမှူး |

**ကော်မတီ၏ သက်တမ်း**

၂။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်ရက်မှစ၍ သက်ဆိုင်ရာဥပဒေများ ထုတ်ပြန်ကြေညာသည့်ရက်အထိ ဖြစ်သည်။

**ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃။ ပူးပေါင်းကော်မတီသည် -

(က) ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လေ့လာစိစစ်ပြီး တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအလိုက် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်ရန် လိုအပ်သော စိစစ်ရေးပူးပေါင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြဆောင်ရွက်ရမည်။

(ဂ) အပိုဒ်ခွဲ (က) ပါ ဥပဒေကြမ်းများကို စိစစ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ လွှတ်တော်ကော်မတီ/ကော်မရှင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်း၊ အချက်အလက်များတောင်းခံခြင်းများ ဆောင်ရွက်နိုင်သည်။

**စိစစ်ခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း**

၄။ ကော်မတီသည် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဌာနများအလိုက် ပူးပေါင်းစိစစ်ရေးအဖွဲ့များ၏ အသေးစိတ်လေ့လာစိစစ်ချက်များကို စုစည်းသုံးသပ်၍ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ရက်အတွင်း ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ ပေးပို့ပြီး လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်။

၅။ ကော်မတီသည် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ရက်အတွင်း ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ ပေးပို့ပြီး လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၅**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

**ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ**
**လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးညီညီ၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ၂၀၁၄ ခုနှစ်၊

ဒီဇင်ဘာလ ၃၁ ရက်နေ့ (ညနေပိုင်း) မှစ၍ မိမိသဘောဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ**
**အတွင်းရေးမှူးအဖြစ်မှ ပယ်ဖျက်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ အတွင်းရေးမှူး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဇုန်လှယ်ထန်းအား ယင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်မှ ပယ်ဖျက်လိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဇုန်လှယ်ထန်းအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီတွင်**
**အတွင်းရေးမှူးတာဝန် ပေးအပ်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီမှ အဖွဲ့ဝင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြည်း - ၃၄၀၄၂ ဗိုလ်မှူး အောင်ကိုမင်းအား ယင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

**လက်ထောက်ညွှန်ကြားရေးမှူးရာထူးခန့်ထားခြင်း**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သော ကြည်း ၂၀၂၆၇ ဗိုလ်မှူး စိုးမင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

အမှတ် ၈၀ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အောက်ဖော်ပြပါအမှုထမ်း (၄) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲပါရာထူးနေရာများသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|---|
| (၁) | ဦးမင်းဇော်သိန်း | ရုံးအုပ်<br>(၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | လက်ထောက်မန်နေဂျာ (စီမံ)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| (၂) | ဒေါ်ဖြူဖွေးသန့်စင် | စာပေလက်ထောက်-၁<br>(၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| (၃) | ဦးညီညီထွန်း | အကြီးတန်းသတင်းထောက်<br>(၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| (၄) | ဦးကျော်ဇေယျ | အကြီးတန်းသတင်းထောက်<br>(၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း (ဓာတ်ပုံ)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

အမှတ် ၁ ။ ။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါစာအမှတ်၊ ဘ၁-၂/၂၇ (၄၆၀/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်အား ပြင်ပကုမ္ပဏီ Global Direct Link Co.,Ltd နှင့် Joint Venture အဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ Joint Venture သို့ လိုက်ပါသွားသည့် အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ယင်းတို့၏ ဆန္ဒပြုချက်အရ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ လျော်ကြေးပင်စင် ခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည် | ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဦးသန်းမြင့်ထွန်း | စာတည်းမှူးချုပ်<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) |
| ၂။ | ဦးသန်းထွန်းအောင် | စာတည်းမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |
| ၃။ | ဦးစန်းလွင် | လက်ထောက်မန်နေဂျာ (ဖြန့်)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

ရဲထွဋ်၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၈၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ချိတ်ဆက်အသုံးပြုခြင်းနှင့်အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ဆက်သွယ်ရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ချိတ်ဆက်အသုံးပြုခြင်း**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် လိုင်စင်ရရှိသူတစ်ဦးက လိုင်စင်ရရှိသော အခြားသူတစ်ဦးအား ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ (Network Facilities Services) နှင့် ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းများ (Network Services) ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရယူသုံးစွဲစေခြင်းကို ဆိုသည်။ ချိတ်ဆက်အသုံးပြုခြင်းတွင် အခြေခံအဆောက်အအုံများအား မျှဝေသုံးစွဲခြင်း၊ အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်အား ချိတ်ဆက်အသုံးပြုခြင်း၊ ပြည်တွင်း ဆက်သွယ်ရေးကွန်ရက်ရှာဖွေချိတ်ဆက်ခြင်း (national roaming)၊ သီးသန့်ဆက်ကြောင်း (Leased Line) များအား လက်ကားစနစ်ဖြင့် ငှားရမ်းပေးခြင်း၊ ဆက်သွယ်ရေးပစ္စည်းများထားရှိရန် နေရာ စီစဉ်ပေးခြင်း (collocation) တို့ ပါဝင်သည်။

(ခ) **ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်**ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက လိုင်စင် ရရှိသော အခြားသူတစ်ဦးသို့ ချိတ်ဆက်အသုံးပြုခြင်းကို ဖြည့်ဆည်းပေးရန် သဘောတူသည့် သဘောတူညီချက်ကို ဆိုသည်။

(ဂ) **ဆက်စပ်ပါဝင်နေသော အဖွဲ့အစည်း** (Affiliate) ဆိုသည်မှာ အောက်ဖော်ပြပါ အနေအထား တစ်ခုခုနှင့် ညီညွတ်သည့် အဖွဲ့အစည်းကို ဆိုသည် -

(၁) ပထမအဖွဲ့အစည်းသည် ဒုတိယအဖွဲ့အစည်းတွင် လွှမ်းမိုးပိုင်ခွင့်တစ်ရပ်ကို ရရှိထားခြင်း၊

(၂) ဒုတိယအဖွဲ့အစည်းသည် ပထမအဖွဲ့အစည်းတွင် လွှမ်းမိုးပိုင်ခွင့်တစ်ရပ်ကို ရရှိထားခြင်း၊

(၃) တတိယအဖွဲ့အစည်းသည် ပထမနှင့်ဒုတိယအဖွဲ့အစည်းနှစ်ခုလုံးတွင် လွှမ်းမိုးပိုင်ခွင့်တစ်ရပ်ကို ရရှိထားခြင်း။

(ဃ) **သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူဘောင်**ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်၊ ကျင့်ဝတ်နှင့်လုပ်ထုံးလုပ်နည်းများကို ဆိုသည်။

(င) **လွှမ်းမိုးပိုင်ခွင့်** **(Controlling Interest)** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်း တစ်ခုတွင် မဲပေးပိုင်ခွင့် (Voting Stock)၊ အဖွဲ့ဝင်ပိုင်ဆိုင်ခွင့် (Membership Interest) သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့် (General Partnership Interest) ၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသောပမာဏကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား အောက်ပါ အခြေအနေတစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်ခွင့် ရစေသည့် ပိုင်ဆိုင်မှုအခြေအနေကို ဆိုသည် -

(၁) အခြားအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီ၏ ၅၀ ရာခိုင်နှုန်းအထက်ကို ခန့်ထားနိုင်ခြင်း၊

(၂) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းများကို ကွပ်ကဲသော အဆင့်မြင့် အမှုဆောင် အရာရှိ (Senior Executive) များအား ခန့်ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ အဆင့် ချထားခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊

(၃) အခြားအဖွဲ့အစည်းတစ်ခု၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှု ဆိုင်ရာ ဆုံးဖြတ်ချက်များကိုချမှတ်ခြင်း၊

(၄) အခြားအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဓိကကျသော နေရာမှ ပါဝင်ခြင်း၊

(၅) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲနိုင်ခြင်း၊

(၆) အခြားအဖွဲ့အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့မဟုတ် ဝန်ဆောင်မှုပုံစံ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှုန်းထားများကို ဆုံးဖြတ်ရာတွင် သိသိသာသာ လွှမ်းမိုးမှုပြုနိုင်ခြင်း။

(စ) **နေ့ရက်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ပြက္ခဒိန်အရ ရေတွက်သောနေ့ရက်ကို ဆိုသည်။

(ဆ) **အငြင်းပွားမှုဖြေရှင်းရန်တောင်းဆိုချက်**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ချမှတ်ထားသော အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပေးရန်အတွက် လိုင်စင် ရရှိသူတစ်ဦးမှဖြစ်စေ၊ လိုင်စင်ရရှိသူတစ်ဦးထံသို့ဖြစ်စေ စာဖြင့်တောင်းဆိုချက်ကို ဆိုသည်။

(ဇ) **ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူ** (Dominant Licensee) ဆိုသည်မှာ လုပ်ငန်းတစ်ခုသည် အခြားလုပ်ငန်းများနှင့် ပူးပေါင်း၍ဖြစ်စေ၊ မပူးပေါင်းဘဲဖြစ်စေ ယှဉ်ပြိုင်သူများနှင့် သုံးစွဲသူများ အပေါ် သိသာသော အတိုင်းအတာတစ်ခုအထိ လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်သည့် စီးပွားရေး အင်အားကို ရရှိထားသည့် အခြေအနေတစ်ရပ်ကို ဆိုသည်။

(ဈ) **အမှန်တကယ်သုံးစွဲသူ** **(End User)** ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက ဖြည့်ဆည်းပေးသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို ရယူသုံးစွဲသည့် လိုင်စင်ရရှိသော အခြားသူတစ်ဦး မဟုတ်သည့် လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးကို ဆိုသည်။

(ည) **သွယ်ဝိုက်သောနည်းအားဖြင့် သုံးစွဲခွင့်**ဆိုသည်မှာ အမှန်တကယ်သုံးစွဲသူသည် မိမိအားဝန်ဆောင်မှု ပေးသော လိုင်စင်ရရှိသူထံမှမဟုတ်ဘဲ လိုင်စင်ရရှိသောအခြားသူတစ်ဦးထံမှ ဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်ခြင်းကို ဆိုသည်။

(ဋ) **အပြန်အလှန်ဆက်သွယ်ခြင်း**ဆိုသည်မှာ အောက်ပါလုပ်ဆောင်ချက်များကို ခွင့်ပြုနိုင်ရန်အတွက် လိုင်စင်ရရှိသူတစ်ဦး၏ ကွန်ရက်နှင့် လိုင်စင်ရရှိသော အခြားသူတစ်ဦး၏ ကွန်ရက်တို့ကို ရုပ်ပိုင်း ဆိုင်ရာအရသော်လည်းကောင်း၊ ကျိုးကြောင်းဆက်စပ်မှု (logical linking) အရသော်လည်းကောင်း ချိတ်ဆက်ခြင်းကို ဆိုသည် -

(၁) လိုင်စင်ရရှိသူတစ်ဦး၏ ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲသူများနှင့် လိုင်စင်ရရှိသော အခြား သူတစ်ဦး၏ ဆက်သွယ်ရေးဝန်ဆောင်မှု သုံးစွဲသူများအချင်းချင်း ဆက်သွယ်ခြင်း သို့မဟုတ်

(၂) လိုင်စင်ရရှိသော အခြားသူနှစ်ဦး၏ ကွန်ရက်အထောက်အကူပြုပစ္စည်းများကို ဆက်သွယ်ရန် လိုအပ်သည့်ဝန်ဆောင်မှုများအား တစ်ဆင့်ခံ ကူးပြောင်းရန် ချိတ်ဆက်ခြင်း။

(ဠ) **အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာသဘောတူညီချက်**ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက လိုင်စင်ရရှိသော အခြားသူတစ်ဦးသို့ အပြန်အလှန်ဆက်သွယ်ခြင်းကို ဖြည့်ဆည်းပေးရန် သဘောတူသည့် သဘောတူညီချက်တစ်ရပ်ကို ဆိုသည်။

(ဍ) **ပုဂ္ဂိုလ်**ဆိုသည်မှာ လူပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းကိုဆိုသည်။

(ဎ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနကထုတ်ပေးသော ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင် (အထူး-Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားသော ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းကို လက်ခံခြင်း သို့မဟုတ် ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ဏ) **ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်** [Reference Interconnection Offer (RIO)] ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက လိုင်စင်ရရှိသော အခြားသူတစ်ဦးဦးအား အပြန်အလှန်ဆက်သွယ်ခြင်းကို ဖြည့်ဆည်းပေးရန်အတွက် ပြုစုထားသော သတ်မှတ်ဈေးနှုန်းများနှင့် စည်းကမ်းချက်များပါဝင်သည့် ကမ်းလှမ်းချက်ကို ဆိုသည်။

(တ) **ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်** [Reference Access Offer (RAO)] ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက လိုင်စင်ရရှိသော အခြားသူတစ်ဦးဦးအား ချိတ်ဆက်အသုံးပြုခြင်းကို ဖြည့်ဆည်းပေးရန်အတွက် ပြုစုထားသော သတ်မှတ်ဈေးနှုန်းများနှင့် စည်းကမ်းချက်များ ပါဝင်သည့် ကမ်းလှမ်းချက်ကို ဆိုသည်။

## အခန်း (၂)

## ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာမူများနှင့် တာဝန်များ

၃။ **ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းအတွက် ဦးစီးဌာန၏ အခန်းကဏ္ဍ**

(က) ဦးစီးဌာနသည် ထိရောက်ပြီး ရေရှည်တည်တံ့သောယှဉ်ပြိုင်မှုကို မြှင့်တင်ရန်နှင့် အမှန်တကယ် သုံးစွဲသူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှုရှိစေရန် ရည်မှန်းလျက် ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းကို သင့်မြတ်မှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် အားပေး ဆောင်ရွက်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက် အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(၂) ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်အခါ၌သော်လည်းကောင်း၊ သဘောတူညီမှုတွင်ပါဝင်သူ များ၏ တောင်းဆိုချက်အရသော်လည်းကောင်း မိမိကစတင်၍ ကြားဝင်ညှိနှိုင်းပေးခြင်း။

(ခ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူများ (Dominant Licensees) အပေါ် ထပ်မံလိုအပ်သော စည်းကမ်းချက်များချမှတ်ခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များမည်သို့ပင် ရှိစေကာမူ နိုင်ငံအတွင်း သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို မြှင့်တင်ပေးရန်အတွက် ဦးစီးဌာနသည် အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ပတ်သက်သော အောက်ဖော်ပြပါအချက်များပါဝင်သည့် စည်းကမ်းချက်များကို ချမှတ်နိုင်သည် -

(၁) ထိရောက်သော ယှဉ်ပြိုင်မှုကို သေချာစေမည့် စည်းကမ်းချက်များ၊

(၂) နည်းပညာဆိုင်ရာ စည်းကမ်းချက်များ၊

(၃) ဝန်ဆောင်မှုနှုန်းထားများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊

(၄) ပစ္စည်းတင်သွင်းမှုနှင့် အသုံးပြုမှုဆိုင်ရာ စည်းကမ်းချက်များ၊

(၅) သက်ဆိုင်ရာ စံချိန်စံညွှန်းများအား လိုက်နာရန် စည်းကမ်းချက်များ၊

(၆) အဓိက အထောက်အကူပြုပစ္စည်းများ (esstential facilities) နှင့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊

(၇) သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊

(၈) စ-လယ်-ဆုံး (end-to-end) ဝန်ဆောင်မှု အရည်အသွေးနှင့် အသုံးပြုသူကို အကာအကွယ်ပေးခြင်းတို့အား ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊

(၉) ကွန်ရက်ပိုင်းခြားသုံးစွဲခြင်း (network disaggregation) နှင့် သက်ဆိုင်သောစည်းကမ်းချက်များ၊

(၁၀) ကုန်ကျစရိတ်တွက်ချက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်သက်ဆိုင်သော စည်းကမ်းချက်များ။

၄။ **ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ တာဝန်များ**

(က) ဦးစီးဌာနသည် လိုင်စင်ရရှိသူတစ်ဦးဦးအား ဦးစီးဌာနက သတ်မှတ်ပေးသည့် လိုင်စင်ရရှိသော အခြားသူတစ်ဦးဦးနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် စာဖြင့် ညွှန်ကြားနိုင်သည်။

( ခ ) လိုင်စင်ရရှိသူတစ်ဦးသည် လိုင်စင်ရရှိသောအခြားသူတစ်ဦးက အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်ကို ညှိနှိုင်းရန် စာဖြင့်ရေးသားတောင်းဆိုလာပါက ညှိနှိုင်းဆောင်ရွက်ရမည်။

( ဂ ) ဦးစီးဌာနသည် ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူ မည်သူကိုမဆို ဦးစီးဌာနက သတ်မှတ်ပေးသည့် လိုင်စင်ရရှိသော အခြားသူတစ်ဦးဦးနှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် စာဖြင့်ညွှန်ကြားနိုင်သည်။

(ဃ) လိုင်စင်ရရှိသောအခြားသူများက ထပ်တူတည်ဆောက်နိုင်ခြင်းမရှိဟု ဦးစီးဌာနက ဆုံးဖြတ်သော ကွန်ရက်အထောက်အကူပြုပစ္စည်းများကို မျှဝေသုံးစွဲရန်အတွက် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ညှိနှိုင်းရန် ဦးစီးဌာနသည် လိုင်စင်ရရှိသူတစ်ဦးအား ညွှန်ကြားနိုင်သည်။ ထိုသို့ ညွှန်ကြားခြင်းမပြုမီ ဦးစီးဌာနအနေဖြင့် လိုင်စင်ရရှိသူထံ အကြောင်းကြားစာပေးပို့၍ သဘောထားမှတ်ချက် တောင်းခံရမည်။

( င ) လိုင်စင်ရရှိသူတစ်ဦးသည် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် လိုင်စင်ရရှိသော အခြားသူတစ်ဦးက စာဖြင့်တောင်းဆိုလာပါက ဆောင်ရွက်နိုင်သည်။ သို့ရာတွင် နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) အရ လိုင်စင်ရရှိသူအား ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်ကို ညှိနှိုင်းရန် ဦးစီးဌာနက ညွှန်ကြားထားခြင်းမရှိပါက လိုင်စင်ရရှိသူသည် ထိုသို့ဆောင်ရွက်ရန် မလိုအပ်စေရ။

( စ ) နည်းဥပဒေခွဲ (က) မှ (င) အထိ မည်သို့ပင်ပြဋ္ဌာန်းစေကာမူ လိုင်စင်ရရှိသူမဟုတ်ပါက ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ကိုင်ခွင့်မရှိစေရ။

(ဆ) နည်းဥပဒေခွဲ (က)၊ (ဂ) နှင့် (ဃ) တို့နှင့်အညီ ဦးစီးဌာနက ညွှန်ကြားထားသည့် လိုင်စင်ရရှိသော အခြားသူတစ်ဦးဦးအပါအဝင် နည်းဥပဒေခွဲ (က) မှ (စ) အရ ချိတ်ဆက်အသုံးပြုခြင်းနှင့်အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းမည့် လိုင်စင်ရရှိသူ မည်သူမဆို-

(၁) သဘောရိုးဖြင့် ညှိနှိုင်းဆောင်ရွက်ပြီး ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းအား တတ်နိုင်သမျှမြန်ဆန်စွာ ဆောင်ရွက်ရမည်။

(၂) ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းအား ဖြည့်ဆည်းပေးရာတွင် နှုန်းထားများ၊ ဝန်ဆောင်မှုအရည်အသွေးနှင့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများအပါအဝင် စည်းကမ်းချက်များသည် သာတူညီမျှဖြစ်ပြီး ခွဲခြားနှိမ့်ချမှုမရှိစေရန်ဆောင်ရွက်ရမည်။ စည်းကမ်းချက်တိုင်းသည် လိုင်စင်ရရှိသူ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ ဆက်စပ်ပါဝင်သော အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ လက်အောက်ခံအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ လိုင်စင်ရရှိသော အခြားသူတစ်ဦးအတွက်သော်လည်းကောင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များထက် အခွင့်အရေး မလျော့နည်းစေရ။

(၃) လိုင်စင်ရရှိသော အခြားသူတစ်ဦး၏ လိုင်စင်ပါ ဝန်ဆောင်မှု အရည်အသွေးဆိုင်ရာ တာဝန်များနှင့် ကိုက်ညီစေရန် အပြန်အလှန် ဆက်သွယ်မှုပမာဏ (Interconnection capacity) အား အရေအတွက်အားဖြင့်သော်လည်းကောင်း၊ အရည်အသွေးအားဖြင့်သော်လည်းကောင်း လုံလောက်မှုရှိအောင်ဖြည့်ဆည်းပေးရမည်။

(၄) ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို နည်းပညာအရ ဖြည့်ဆည်းပေးရန် မဖြစ်နိုင်သည့် အခြေအနေမှလွဲ၍ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်ကို ညှိနှိုင်းဆောင်ရွက်ရန် ငြင်းဆိုခြင်းမပြုရ။

(၅) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တစ်ခုခုကို အပြီးသတ်ညှိနှိုင်းရန်အတွက် ကျိုးကြောင်းဆီလျော်ပြီး လိုအပ်သည့်သတင်းအချက်အလက်များကို လိုင်စင်ရရှိသောအခြားသူတစ်ဦးဦးကတောင်းဆိုလာပါက လိုင်စင်ရရှိသူက ဖြည့်ဆည်းပေးရမည်။

(ဇ) ဦးစီးဌာနသည် သက်ဆိုင်ရာဈေးကွက်အတွင်း ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူများအပေါ် ထပ်ဆောင်းတာဝန်များကို ပြဋ္ဌာန်းနိုင်သည်။ ထိုသို့ ပြဋ္ဌာန်းရာတွင် ကိစ္စရပ်တစ်ခုစီအလိုက် သင့်လျော်မှု ရှိ မရှိ နှင့် ယင်းတာဝန်များကို အကောင်အထည်ဖော်နိုင်မည့် အချိန်ကာလတို့ကို ထည့်သွင်းစဉ်းစားရမည်။

(ဈ) ဤနည်းဥပဒေအရ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းကို ဆောင်ရွက်ရန် ညွှန်ကြားခြင်းခံရသည့် လိုင်စင်ရရှိသူသည် အဆိုပါ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းကို ဖြည့်ဆည်းပေးခြင်းကြောင့် စက်ပစ္စည်းဆိုင်ရာပြောင်းလဲမှုတစ်ခုခုကို ဖြစ်ပေါ်နိုင်ကြောင်း ထုတ်ဖော်ပြသနိုင်ပါက ထိုသို့ဆောင်ရွက်ရန် ညွှန်ကြားချက်ကို ပြန်လည်သုံးသပ်ပေးရန် ဦးစီးဌာနသို့ တောင်းဆိုနိုင်ပြီး ဦးစီးဌာနက သင့်လျော်သည်ဟု ယူဆပါက ညွှန်ကြားချက်ကို ပြန်လည်သုံးသပ်နိုင်သည်။

## ၅။ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာမူများ

(က) လိုင်စင်ရရှိသူသည် ၎င်း၏ဆက်သွယ်မှုကွန်ရက်ပေါ်ရှိ နည်းပညာအရ ဖြစ်နိုင်သောမည်သည့်နေရာတွင်မဆို ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းကို ဖြည့်ဆည်းပေးရမည်။

(ခ) လိုင်စင်ရရှိသူသည် ကျိုးကြောင်းဆီလျော်သည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အနေအထား သို့မဟုတ် ကွန်ရက်ခံနိုင်ရည်ရှိမှုအတွက် လိုအပ်ချက်တစ်ရပ်ကို ထုတ်ဖော်ပြသနိုင်ခြင်းမရှိပါက နည်းပညာအရ အပြန်အလှန်ဆက်သွယ်ရန် ဖြစ်နိုင်သော မည်သည့်အမှတ်တွင်မဆို အပြန်အလှန်ဆက်သွယ်ခြင်းကို ဖြည့်ဆည်းပေးရန် ငြင်းဆိုခြင်းမပြုရ သို့မဟုတ် အပြန်အလှန်ဆက်သွယ်ရန် အခြားသော ထပ်ဆောင်းအမှတ် (additional point) များ မလိုအပ်စေရ။

(ဂ) ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းကို အောက်ဖော်ပြပါအချက်များနှင့်အညီ ဖြည့်ဆည်းပေးရမည် -

(၁) သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန်၊

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းရာတွင် ဈေးကွက်ပြိုင်ဆိုင်မှုများ တိုးတက်လာစေရန်။

(ဃ) လိုင်စင်ရရှိသူတစ်ဦးက ခွင့်ပြုချက်ရရှိရန်တင်ပြလျှောက်ထားသည့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်သည် ဆက်သွယ်ရေးဥပဒေ၊ သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်၊ အဆိုပါလိုင်စင်ရရှိသူနှင့်စပ်လျဉ်း၍ အတည်ပြုထားသည့် ရည်ညွှန်းချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာကမ်းလှမ်းချက် သို့မဟုတ် ရည်ညွှန်း အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်၊ သဘောတူညီချက်တွင် ပါဝင်သူများ၏ လိုင်စင်ပါစည်းကမ်းချက်များ၊ အခြားသောသက်ဆိုင်သည့် ဥပဒေများနှင့် ကိုက်ညီရမည်။

(င) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က)၊ (ဂ) သို့မဟုတ် (ဃ) တို့နှင့်အညီ ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းကို အကျိုးသက်ရောက်မှုရှိနိုင်သည့် မည်သည့် အထောက်အကူပြုပစ္စည်းကိုမဆို ချိတ်ဆက်အသုံးပြုရာတွင် (ဥပမာ-စက်ပစ္စည်းများထားရှိရန် နေရာစီစဉ်ပေးခြင်း) အဆိုပါ ချိတ်ဆက်အသုံးပြုခြင်းအတွက် သဘောတူညီချက်တွင် ပါဝင်သူ သို့မဟုတ် ပါဝင်သူများသည် ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူတစ်ဦးကဲ့သို့ နည်းဥပဒေ ၁၇ နှင့်အညီ လိုအပ်သော ချိတ်ဆက်အသုံးပြုခြင်းကို ဖြည့်ဆည်းပေးရမည်။

၆။ **အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနှုန်းထားများ**

(က) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် နှုန်းထားများသည် ကုန်ကျစရိတ်ကို အခြေခံရမည်။ အဆိုပါ နှုန်းထားများသည် ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လိုင်စင်ရရှိသူ၏ ရင်းနှီးမြှုပ်နှံထားရသည့် ကုန်ကျစရိတ်ကို ပြန်လည်ကာမိစေရမည်ဖြစ်ပြီး ရင်းနှီးငွေအတွက် ထိုက်သင့်သော အမြတ်အစွန်းကို ရရှိစေရမည်။

(ခ) အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ နှုန်းထားများသည် ကုန်ကျစရိတ်ကို အခြေခံထားခြင်း ရှိ မရှိ ဆုံးဖြတ်ရာတွင် ဦးစီးဌာနအနေဖြင့် စံပြုနှိုင်းယှဉ်သတ်မှတ်ခြင်း (benchmarking) နှင့် ကုန်ကျစရိတ်များအား လေ့လာခြင်း အပါအဝင် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသော မည်သည့် နည်းလမ်းကိုမဆို အသုံးပြုနိုင်သည်။

(ဂ) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုကို လက်ခံရရှိမည့် လိုင်စင်ရရှိသူသည် ၎င်းလိုအပ်သည့် ကွန်ရက်ပစ္စည်းများ (network elements) နှင့် ဝန်ဆောင်မှုများအတွက်သာ အပိုင်းအလိုက် အခကြေးငွေပေးချေရန်လိုအပ်မည်ဖြစ်သဖြင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ နှုန်းထားများကို သက်ဆိုင်ရာအပိုင်းအလိုက် သီးခြားစီလုံလောက်စွာ တန်ဖိုးသတ်မှတ်ထားရမည်။

(ဃ) အပြန်အလှန်ဆက်သွယ်ခြင်းအတွက် ကျသင့်သည့်ကုန်ကျစရိတ်များကို အပြန်အလှန်ဆက်သွယ်ခြင်း ပြုလုပ်မည့် လိုင်စင်ရရှိသူများမှ ညီတူညီမျှ ကျခံရမည်။ ဦးစီးဌာနမှ အခြားသော ဆုံးဖြတ်ချက် မရှိပါက အပြန်အလှန်ဆက်သွယ်ခြင်းကိုဆောင်ရွက်သည့်လိုင်စင်ရရှိသူတိုင်းသည် မိမိ၏ကွန်ရက်မှ အပြန်အလှန်ဆက်သွယ်သည့် အမှတ်နေရာအထိရှိသော အပြန်အလှန်ဆက်သွယ်သည့် ဆက်ကြောင်း၏ အစိတ်အပိုင်းအတွက်နှင့် လိုင်စင်ရရှိသူများ အတူတကွတည်ဆောက်ထားသော အပြန်အလှန် ဆက်သွယ်သည့်ဆက်ကြောင်း (jointly constructed interconnection link) တို့အတွက် တာဝန်ရှိသည်။ လိုင်စင်ရရှိသူတိုင်းသည် အပြန်အလှန်ဆက်သွယ်သူများအကြား ဆက်ကြောင်းအသုံးပြုမည့် မျှော်မှန်းချက်အပေါ် အခြေပြု၍ တွက်ချက်ထားသည့် ယင်းဆက်ကြောင်းတည်ဆောက်ခြင်းဆိုင်ရာ ကုန်ကျစရိတ်အတွက် တာဝန်ရှိသည်။

(င) နှုန်းထားများသည် ပွင့်လင်းမြင်သာမှုရှိရမည်။ သို့ရာတွင် နည်းဥပဒေ ၈ တွင်ပြဋ္ဌာန်းထားသော လျှို့ဝှက်ရမည့် သတင်းအချက်အလက်များအား ကိုင်တွယ်ဆောင်ရွက်ခြင်းဆိုင်ရာမူများကို အထူး အလေးထား ဆောင်ရွက်ရမည်။

(စ) အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ နှုန်းထားများသည် ကုန်ကျစရိတ်အား အခြေခံသည့် နှုန်းထားများဖြစ်ကြောင်း သေချာစေရန်အတွက် ဦးစီးဌာနသည် ပြန်လည်စိစစ်သုံးသပ်မှုကို လေးနှစ်တစ်ကြိမ်ထက် မနည်းစေရဘဲ ပုံမှန်ပြုလုပ်ရမည်။

၇။ **ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာနှုန်းထားများ**

(က) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) အရ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်အားညှိနှိုင်းရာတွင် နှုန်းထားများအားဆုံးဖြတ်ရာ၌ သင့်လျော်မျှတသည့်အခြားနည်းလမ်းတစ်ခုကို ဦးစီးဌာနက အတည်ပြုခြင်းမရှိသရွေ့ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် နှုန်းထားများသည် ကုန်ကျစရိတ်အပေါ်တွင် အခြေခံရမည်။ အဆိုပါနှုန်းထားများသည် ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လိုင်စင်ရရှိသူ၏ ရင်းနှီးမြှုပ်နှံထားရသည့် ကုန်ကျစရိတ်ကို ပြန်လည်ကာမိစေပြီး ရင်းနှီးငွေအတွက်လည်း ထိုက်သင့်သော အမြတ်အစွန်းကို ရရှိစေရမည်။

(ခ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ နှုန်းထားများသည် ကုန်ကျစရိတ်ကို အခြေခံထားခြင်းရှိ မရှိ ဆုံးဖြတ်ရာတွင် ဦးစီးဌာနအနေဖြင့် စံပြနှိုင်းယှဉ်သတ်မှတ်ခြင်း (benchmarking) နှင့် ကုန်ကျစရိတ်များအား လေ့လာခြင်းအပါအဝင် နိုင်ငံတကာမှကျင့်သုံးလျက်ရှိသော မည်သည့်နည်းလမ်းကိုမဆို အသုံးပြုနိုင်သည်။

(ဂ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာဝန်ဆောင်မှုကိုလက်ခံရရှိမည့် လိုင်စင်ရရှိသူသည် ၎င်းလိုအပ်သည့် ကွန်ရက်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက်သာ အပိုင်းအလိုက် အခကြေးငွေပေးချေရန် လိုအပ်မည်ဖြစ်သဖြင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ နှုန်းထားများကို သက်ဆိုင်ရာအပိုင်းအလိုက် သီးခြားစီလုံလောက်စွာ တန်ဖိုးသတ်မှတ်ထားရမည်။

(ဃ) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဃ) အရ ညှိနှိုင်းထားသော ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်မှလွဲ၍ ချိတ်ဆက်အသုံးပြုခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များကို ယင်းချိတ်ဆက်အသုံးပြုခြင်းအား ရယူလိုသည့် လိုင်စင်ရရှိသူမှ ကျခံရမည်။

(င) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဃ) အရ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်တစ်ခုကို ညှိနှိုင်းရာတွင် ကွန်ရက်အထောက်အကူပြု ပစ္စည်းများကို တည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ်များကို လိုင်စင်ရရှိသူများက ညီတူညီမျှ ကျခံရမည်။

(စ) နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း နှုန်းထားသတ်မှတ်ခြင်းအတွက် သင့်လျော်မျှတသည့် အခြားနည်းလမ်းတစ်ခုကို ဦးစီးဌာနက အတည်မပြုသေးသရွေ့ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ) အရ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်ကို ညှိနှိုင်းရာတွင် မျှဝေသုံးစွဲမည့် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ်များသည် ကုန်ကျစရိတ်အပေါ်တွင် အခြေခံရမည်။

(ဆ) နှုန်းထားများသည် ပွင့်လင်းမြင်သာမှုရှိရမည်။ သို့ရာတွင် နည်းဥပဒေ ၈ တွင် ပြဋ္ဌာန်းထားသော လျှို့ဝှက်ရမည့်သတင်းအချက်အလက်များအား ကိုင်တွယ်ဆောင်ရွက်ခြင်းဆိုင်ရာမူများကို အထူးအလေးထားဆောင်ရွက်ရမည်။

(ဇ) ဦးစီးဌာနသည် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ) သို့မဟုတ် (ဃ) အရ ညှိနှိုင်းထားသောချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်ပါ နှုန်းထားများသည် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်နှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန်အတွက် ပြန်လည်စိစစ်သုံးသပ်မှုကို လေးနှစ်တစ်ကြိမ်ထက် မနည်းစေရဘဲ ပုံမှန်ပြုလုပ်ရမည်။

၈။ **လျှို့ဝှက်ရမည့် သတင်းအချက်အလက်များအား ကိုင်တွယ်ဆောင်ရွက်ခြင်း**

(က) ဦးစီးဌာနသည် လိုင်စင်ရရှိသူတစ်ဦးဦး၏ စီးပွားရေးအရ ထိခိုက်လွယ်သော အချက်အလက်များကို လျှို့ဝှက်ထားရှိရန် အလေးဂရုပြုရမည့်အပြင် ထိုသတင်းအချက်အလက်များ လျှို့ဝှက်ထားရှိမှုအား သေချာစေရန်အတွက် ထိုက်သင့်သော လုပ်ဆောင်မှုများကို ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ခြင်းသည် ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲပိုင်ခွင့်နှင့် စောင့်ကြပ်ကြည့်ရှုပိုင်ခွင့်ကို အဟန့်အတားမဖြစ်စေရ။

(ဂ) လိုင်စင်ရရှိသူတိုင်းသည် -

(၁) လက်ခံရရှိထားသော၊ ပေးပို့ထားသော သို့မဟုတ် သိမ်းဆည်းထားသော သတင်းအချက်အလက်များ၏ လျှို့ဝှက်ထားရှိမှုကို ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများ မပြုလုပ်မီ၊ ပြုလုပ်ဆဲနှင့် ပြုလုပ်ပြီးသည်အထိ လိုက်နာမှုရှိပြီး ထိန်းသိမ်းထားရမည်။

(၂) လိုင်စင်ရရှိသော အခြားသူတစ်ဦးက ပေးပို့ထားသည့် မည်သည့်အချက်အလက်ကိုမဆို ယင်းအချက်အလက်များအား ပေးပို့ထားသည့် ရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည်။

(၃) လိုင်စင်ရရှိသော အခြားသူတစ်ဦးထံမှရရှိသည့် သတင်းအချက်အလက်များကို အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အထူးသဖြင့် အဆိုပါအချက်အလက်များကို သုံးစွဲခြင်းဖြင့်ဈေးကွက်ပြိုင်ဆိုင်မှုကိုအခွင့်သာစေနိုင်မည့်လိုင်စင်ရရှိသူ၏အခြားသောဌာနများ၊ ဆက်စပ်ပါဝင်သောအဖွဲ့အစည်းများ၊ လက်အောက်ခံအဖွဲ့များ သို့မဟုတ် တွဲဖက်ဆောင်ရွက်ကြသူများ (partners) ထံသို့ ပေးပို့ခြင်းမပြုရ။

## အခန်း (၃)

## ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ညှိနှိုင်းမှုများနှင့် သဘောတူညီချက်များ

၉။ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ညှိနှိုင်းမှုများကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က)၊ (ဂ) နှင့် (ဃ) တို့အရ ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အတွက် ညှိနှိုင်းရန် ညွှန်ကြားခြင်းခံရသည့် လိုင်စင်ရရှိသူသည် လိုင်စင်ရရှိသောအခြားသူတစ်ဦးနှင့် ညှိနှိုင်းမှုကို ညွှန်ကြားချက်လက်ခံရရှိသည့်နေ့ရက်မှ ၇ ရက်အတွင်း ဆောင်ရွက်ရမည်။ လိုင်စင်ရရှိသူသည် အနည်းဆုံးအနေဖြင့် အောက်ပါအချက်များကို စာဖြင့်ရေးသားဖော်ပြရမည် -

(၁) လိုင်စင်ရရှိသူနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသော ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာကမ်းလှမ်းချက်တစ်ခုခု၏မိတ္တူ သို့မဟုတ် ရည်ညွှန်းအပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာကမ်းလှမ်းချက်တစ်ခုခု၏ မိတ္တူ။

(၂) ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်နှင့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့ မရနိုင်ပါက လိုင်စင်ရရှိသူက ဖြည့်ဆည်းပေးမည့် ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုဆိုင်ရာဖော်ပြချက် (ယင်းဖော်ပြချက်တွင် နှုန်းထားများနှင့်စည်းကမ်းချက်များပါဝင်ရမည်)။

(ခ) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ) နှင့်အညီ အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်ကို ညှိနှိုင်းဆောင်ရွက်ရန် တောင်းဆိုခြင်းခံရသည့် လိုင်စင်ရရှိသူသည် တောင်းဆိုချက်ကို ရရှိသည့်နေ့ရက်မှ ၇ ရက်အတွင်း အကြောင်းပြန်ကြားရမည်ဖြစ်ပြီး ဦးစီးဌာနသို့လည်း အကြောင်းပြန်ကြားစာ၏ မိတ္တူတစ်စုံကို ပေးပို့ရမည်။ ထိုအကြောင်းပြန်ကြားချက်တွင် အနည်းဆုံးအနေဖြင့် နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့တွင် ပြဋ္ဌာန်းထားသည့် အချက်များပါဝင်ရမည်။

(ဂ) လိုင်စင်ရရှိသူနှင့် လိုင်စင်ရရှိသော အခြားသူများသည် ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကိုရရှိရန် ညှိနှိုင်းရာတွင် သဘောရိုးဖြင့်ဆောင်ရွက်ရမည်။

(ဃ) အကယ်၍ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က)၊ (ဂ) သို့မဟုတ် (ဃ) တို့အရ ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် ညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လိုင်စင်ရရှိသူနှင့် လိုင်စင်ရရှိသော အခြားသူ တစ်ဦးတို့သည် သဘောတူညီချက် မရရှိနိုင်ပါက လိုင်စင်ရရှိသူတစ်ဦးဦးမှသော်လည်းကောင်း၊ နှစ်ဦးစလုံးမှသော်လည်းကောင်း ဤနည်းဥပဒေများ အခန်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤကိစ္စရပ်ကို ဖြေရှင်းပေးရန် ဦးစီးဌာနသို့ တင်ပြရမည်။

(င) အကယ်၍ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ) အရ အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန်တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လိုင်စင်ရရှိသူများအကြား သဘောတူညီချက်မရရှိနိုင်ပါက ညှိနှိုင်းရန်တောင်းဆိုသည့် လိုင်စင်ရရှိသူက ဤနည်းဥပဒေများ အခန်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤကိစ္စရပ်ကို ဖြေရှင်းပေးရန် ဦးစီးဌာနသို့ တင်ပြနိုင်သည်။

၁၀။ **ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်ပုံစံနှင့် ပါဝင်ရမည့် အကြောင်းအရာများ**

(က) ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် အနည်းဆုံးအနေဖြင့် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) သဘောတူညီချက် စတင်အကျိုးသက်ရောက်သည့် နေ့စွဲ၊ သဘောတူညီချက်၏သက်တမ်း၊ ယင်းအားမွမ်းမံခြင်း၊ ပယ်ဖျက်ခြင်း၊ ရပ်ဆိုင်းခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ အစီအစဉ်များ၊

(၂) ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းကို တည်ထောင်ခြင်းအတွက် စီမံဆောင်ရွက်ချက်များနှင့် နောက်ဆက်တွဲ ဆက်လက်တည်ဆောက်မည့် အစီအမံများ၊ အပြန်အလှန်ဆက်သွယ်ခြင်းအတွက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ၊ ကွန်ရက်တစ်ခုချင်းစီမှ အာမခံထားသည့် ဝန်ဆောင်မှုအရည်အသွေး၏ အဆင့်အတန်း၊ ဝန်ဆောင်မှုအရည်အသွေးအားစောင့်ကြပ်ကြည့်ရှုရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် သတ်မှတ်ချက်များ၊ ချို့ယွင်းချက် (fault) များ သတ်မှတ်ခြင်းနှင့် ဖြေရှင်းချက် (clearance) များ၊

(၃) သဘောတူညီချက်တွင် ပါဝင်သူတစ်ဦးစီကဖြည့်ဆည်းပေးမည့်ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် ဖော်ပြချက်များ၊

(၄) အပြန်အလှန်ဆက်သွယ်မည့် သို့မဟုတ် ချိတ်ဆက်အသုံးပြုမည့်အမှတ်များ (points) ၏ တည်နေရာ၊

(၅) ကွန်ရက်အချင်းချင်း အပြန်အလှန်လုပ်ငန်းဆောင်ရွက်မှု (interoperability) ဆိုင်ရာ စမ်းသပ်မှုများနှင့် သက်ဆိုင်သည့် အတိုင်းအတာများ၊

(၆) ဉာဏမူပိုင်ခွင့်ကို ကိုင်တွယ်ဆောင်ရွက်ခြင်း (treatment of intellectual property rights)၊

(၇) သက်ဆိုင်ရာ ကျွမ်းကျင်သည့် နယ်ပယ်အလိုက် လုပ်ပိုင်ခွင့်ပေးထားသော အဖွဲ့အစည်း တစ်ခုစီမှ ကိုယ်စားလှယ်များ၏ ဆက်သွယ်ရန်အချက်အလက်များနှင့် ၎င်းတို့အား အကြောင်းကြားရမည့် လုပ်ထုံးလုပ်နည်းများ၊

(၈) လုပ်ငန်းဆောင်ရွက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(၉) သဘောတူထားသော ဝန်ဆောင်မှုအရည်အသွေးကို ပြည့်မီအောင်ဆောင်ရွက်ရန် တစ်ဖက်ဖက်မှ ပျက်ကွက်ခြင်းအပေါ် လျော်ကြေးပေးရန် စည်းမျဉ်းများ၊

(၁၀) တစ်ဖက်ဖက်၏ ကွန်ရက် သို့မဟုတ် ကမ်းလှမ်းထားသော ဝန်ဆောင်မှုများအား အဆိုပြုထားသည့် ပြောင်းလဲမှုများပြုလုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊

(၁၁) ဝန်ဆောင်မှုနှုန်းထားများ သတ်မှတ်ခြင်း၊ ဘီလ်တောင်းခံလွှာ ထုတ်ဆင့်ခြင်းနှင့် ငွေစာရင်း ရှင်းလင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် စီမံဆောင်ရွက်ချက်များ၊

(၁၂) လျှို့ဝှက်ထားရှိလိုသည့်အချက်များ။

(ခ) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် နည်းဥပဒေခွဲ (က) ပါအချက်အလက် များအပြင် အောက်ပါအချက်အလက်များလည်း ပါဝင်ရမည် -

(၁) သာတူညီမျှချိတ်ဆက်အသုံးပြုခြင်းနှင့် ဆောင်ရွက်နိုင်သည့် အခြေအနေဖြစ်ပါက နံပါတ်များ ဆက်လက်သယ်ယူသုံးစွဲခြင်း (number portability) အတွက် စီမံဆောင်ရွက်ချက်များ၊

(၂) အရေးပေါ်ဖုန်းနံပါတ်များ၊ အခမဲ့ဖုန်းနံပါတ်များ (free-phone number) နှင့် အဝေးပြော အခမဲ့ဖုန်းနံပါတ် (toll-free number) များ၊ လမ်းညွှန်အကူအညီ (directory assistance) နှင့် ဆောင်ရွက်နိုင်သည့် အခြေအနေများတွင် စာသားတိုပေးပို့ခြင်း SMS termination ဝန်ဆောင်မှု အပါအဝင် အခြေခံဝန်ဆောင်မှုများနှင့် ဦးစီးဌာနမှ သတ်မှတ်ပေးသော အခြားသောဝန်ဆောင်မှုများကို ရရှိသုံးစွဲခွင့်၊

(၃) ဆောင်ရွက်နိုင်သည့် အခြေအနေများတွင် အထူးနှုန်းထားဖြင့် ဝန်ဆောင်မှုများ (premium rate services) အပါအဝင် အထူးချိတ်ဆက်ဝန်ဆောင်မှုများ (special access services) အား ရရှိသုံးစွဲခွင့်၊

(၄) ဆက်သွယ်မှု အသွားအလာ (traffic) များကို တိုင်းတာသည့် စီမံဆောင်ရွက်ချက်များ။

၁၁။ **ဦးစီးဌာန၏ အတည်ပြုချက်** (Regulatory Approval)

(က) လိုင်စင်ရရှိသူများသည် ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် ထိုသဘောတူညီချက်များအား ပြင်ဆင်ချက်အပေါ် သဘောတူညီချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ၃ ရက်အတွင်း အဆိုပြု သဘောတူညီချက် သို့မဟုတ် ပြင်ဆင်ချက်ကို ဦးစီးဌာန၏ အတည်ပြုချက်ရရှိရန် တင်ပြရမည်။

(ခ) ဦးစီးဌာနသည် အဆိုပြုသဘောတူညီချက် သို့မဟုတ် ပြင်ဆင်ချက်တွင် ပါဝင်သောစည်းကမ်းချက် များနှင့် နှုန်းထားများအပေါ် သုံးသပ်စစ်ဆေးမှုများ ထပ်မံပြုလုပ်ရန် လိုအပ်သည်ဟု ယူဆပါက အဆိုပြုထားသော ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် ထိုသဘောတူညီချက်များအား ပြင်ဆင်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ၁၅ ရက်အတွင်း လိုင်စင်ရရှိသူများထံမှ လိုအပ်သော အချက်အလက် များကို ဦးစီးဌာနက တောင်းခံနိုင်သည်။

(ဂ) ဦးစီးဌာနသည် အဆိုပြုထားသော ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် ထိုသဘောတူညီချက်အား ပြင်ဆင်ချက်သည်အောက်ပါအချက်များနှင့်ကိုက်ညီပါက သဘောတူညီချက် သို့မဟုတ် ပြင်ဆင်ချက် ကို လက်ခံရရှိသည့်နေ့ရက်မှ သို့မဟုတ် နည်းဥပဒေခွဲ (ခ) အရ တောင်းခံထားသော အချက် အလက်များကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သဘောတူညီချက် သို့မဟုတ် ပြင်ဆင်ချက်အား အတည်ပြုရမည် -

(၁) ဆက်သွယ်ရေးဥပဒေ၊ သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းမူဘောင်၊ သက်ဆိုင်မှုရှိပါက ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက် သို့မဟုတ် ရည်ညွှန်းအပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်၊ လိုင်စင်ရရှိသူများ၏ လိုင်စင်ပါစည်းကမ်းချက်များ၊ အခြားသက်ဆိုင်သည့် ဥပဒေများနှင့် ကိုက်ညီလျှင်၊

(၂) ကျိုးကြောင်းဆီလျော်မှုမရှိဘဲ ခွဲခြားနှိမ့်ချမှုမရှိလျှင် သို့မဟုတ် သုံးစွဲသူများ၏ အကျိုးစီးပွားနှင့် ဆန့်ကျင်ခြင်း မရှိလျှင်။

(ဃ) ဦးစီးဌာနသည် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာသဘောတူညီချက် သို့မဟုတ် ထိုသဘောတူညီချက်အား ပြင်ဆင်ချက်သည် ဆက်သွယ်ရေးဥပဒေ၊ ဤနည်းဥပဒေများ၊ သက်ဆိုင်ရာစည်းမျဉ်း စည်းကမ်းမူဘောင်၊ ရည်ညွှန်း ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာကမ်းလှမ်းချက် သို့မဟုတ် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်း ဆိုင်ရာ ကမ်းလှမ်းချက်တစ်ခုခု၊ လိုင်စင်ရရှိသူများ၏ လိုင်စင်ပါစည်းကမ်းချက်များ၊ အခြား သက်ဆိုင်သည့် ဥပဒေများနှင့် ကိုက်ညီမှုမရှိဟု ယူဆပါက ယင်းသဘောတူညီချက်ကို ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့် ကိုက်ညီမှုရှိစေရေးအတွက် ပြင်ဆင်ရန် သဘောတူညီချက် တွင် ပါဝင်သူများအား အဆိုပြုသဘောတူညီချက် သို့မဟုတ် ပြင်ဆင်ချက်ကို ရရှိသည့်နေ့ရက်မှ သို့မဟုတ် နည်းဥပဒေခွဲ (ခ) အရ တောင်းခံထားသော အချက်အလက်များကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားနိုင်သည်။

(င) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ဃ) အရ ဆောင်ရွက်ရာတွင် အဆိုပြုထားသည့် ချိတ်ဆက် အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် ယင်းနှင့် သက်ဆိုင်သည့် အစိတ်အပိုင်းတစ်ခုခုကို သဘောတူသင့်သည်ဟု မယူဆကြောင်း သဘော တူညီချက်တွင် ပါဝင်သူများကို အသိပေးအကြောင်းကြားရမည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ပါဝင်သူများအား ဦးစီးဌာန၏ ဆုံးဖြတ်ချက်အပေါ် ထင်မြင်ချက်ပေးရန်အတွက် ထိုက်သင့်သော အခွင့်အရေးပေးခြင်းဖြစ်သည်။ ပါဝင်သူများ၏ထင်မြင်ချက်များအား ထည့်သွင်းစဉ်းစားပြီးသည့်တိုင် သဘောတူညီချက်အား ငြင်းပယ်သင့်သည် သို့မဟုတ် ပြင်ဆင်သင့်သည်ဟု ဦးစီးဌာနမှ ထင်မြင် ယူဆပါက သဘောတူညီချက်တွင် ပါဝင်သူများသည် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြင်ဆင် ထားသည့် အဆိုပြုသဘောတူညီချက်ကို ဦးစီးဌာနမှ သတ်မှတ်သည့် အချိန်ကာလအတွင်းဦးစီး ဌာနထံ ပြန်လည်တင်ပြရမည်။

(စ) ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်သည် ဦးစီးဌာန၏ အတည်ပြုချက် တစ်စုံတစ်ရာမရှိမချင်း အကျိုးသက်ရောက်ခြင်းမရှိစေရ။

၁၂။ **သဘောတူညီချက်များအား ထုတ်ပြန်ခြင်း** (publication)**၊ ပြင်ဆင်ခြင်း** (amendment) **နှင့် မွမ်းမံခြင်း** (modification)

(က) ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သူများသည် လျှို့ဝှက်ရမည့် အကြောင်းအရာအဖြစ် ဦးစီးဌာနက သတ်မှတ်ထားခြင်းမရှိသော အတည်ပြုပြီးသည့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်၏ အစိတ်အပိုင်းအားလုံးကို အများပြည်သူမှ တောင်းဆိုပါက ဖော်ပြနိုင်ရန် ဆောင်ရွက်ထားရမည်။

(ခ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သူများသည် ဦးစီးဌာနက အတည်ပြုပြီးသည့် သဘောတူညီချက်အား ပြင်ဆင်ရန် သို့မဟုတ် မွမ်းမံရန် အောက်ပါအတိုင်း ဆောင်ရွက်ခြင်းဖြင့် အဆိုပြုနိုင်သည် -

(၁) ပြင်ဆင်ခြင်း သို့မဟုတ် မွမ်းမံခြင်းအကျိုးသက်ရောက်မည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနသို့ စာဖြင့်အကြောင်းကြားခြင်း၊

(၂) အဆိုပြုပြင်ဆင်ချက် သို့မဟုတ် မွမ်းမံချက်များ၏ မိတ္တူတစ်စုံကို ဦးစီးဌာနသို့ ပေးပို့ခြင်း။

(ဂ) အတည်ပြုပြီးသော ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အား ပြင်ဆင်ခြင်း သို့မဟုတ် မွမ်းမံခြင်းသည် ဦးစီးဌာန၏ အတည်ပြုချက် တစ်စုံတစ်ရာမရှိမချင်း အကျိုးသက်ရောက်မှုမရှိစေရ။

၁၃။ **သဘောတူညီချက်အား ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း**

(က) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တစ်ခုအား ရပ်ဆိုင်းခြင်းသည် ဦးစီးဌာန၏ အတည်ပြုချက်တစ်စုံတစ်ရာ မရှိမချင်း အကျိုးသက်ရောက်မှုမရှိစေရ။

(ခ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သူတစ်ဦးတစ်ယောက်သည် အဆိုပါ သဘောတူညီချက်အား ရပ်ဆိုင်းလိုပါက ထိုသူသည် သဘောတူညီချက်တွင်ပါဝင်သော အခြားသူများနှင့် ဦးစီးဌာနတို့ထံ တိုတောင်းသော အချိန်ကာလအတွင်း အကြောင်းကြားစာပေးပို့ရန် လိုအပ်သည့် အခြေအနေမျိုး မဟုတ်ပါက အဆိုပါ သဘောတူညီချက်တစ်ရပ်ရပ်ကို ရပ်ဆိုင်းမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် အောက်ပါဖြစ်ရပ်များအနက်မှ ဖြစ်ရပ်တစ်ခုခုပေါ်ပေါက်လျှင်သော်လည်းကောင်း၊ ဖြစ်ရပ်အားလုံး ပေါ်ပေါက်လျှင်သော်လည်းကောင်း သဘောတူညီချက်တစ်ခုလုံးကို ဖြစ်စေ၊ သဘောတူညီချက် တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရပ်ဆိုင်းနိုင်ကြောင်း ပြဋ္ဌာန်းချက်များ ပါရှိရမည် -

(၁) သဘောတူညီချက်တွင် ပါဝင်သူတစ်ဦး၏ ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ တာဝန်များအား နှောင့်ယှက်သည့် သို့မဟုတ် တရားမဝင်သည့် ဆောင်ရွက်မှုများ ရှိလာလျှင်၊

(၂) ကျန်းမာရေး သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြဿနာများဖြစ်လာလျှင်၊

(၃) လိုင်စင်ရရှိသူတစ်ဦး၏ကွန်ရက် သို့မဟုတ် ဝန်ဆောင်မှုများ၏ တည်တံ့ခိုင်မြဲမှု သို့မဟုတ် လုံခြုံမှုကို ကျိုးကြောင်းဆီလျော်မှုမရှိသော အန္တရာယ် (risk) များဖြစ်ပေါ်စေနိုင်မည့် အခြေအနေများဖြစ်လာလျှင်၊

(၄) အများပြည်သူ၏ အကျိုးစီးပွားအတွက် သဘောတူညီချက်ကို ရပ်ဆိုင်းရန် လိုအပ်သည်ဟု ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်ရှိလျှင်။

(ဃ) ချိတ်ဆက်အသုံးပြုခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တစ်ခုအား ပယ်ဖျက်ခြင်းသည် ဦးစီးဌာန၏ အတည်ပြုချက် တစ်စုံတစ်ရာမရှိမချင်း အကျိုးသက်ရောက်မှု မရှိစေရ။

(င) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာသဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သူတစ်ဦးတစ်ယောက်သည် သဘောတူညီချက်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအား ပယ်ဖျက်လိုပါက သဘောတူညီချက်တွင် ပါဝင်သော အခြားသူများနှင့် ဦးစီးဌာနတို့ထံ အဆိုပါသဘောတူညီချက်တစ်ရပ်ရပ်ကို ပယ်ဖျက်ခြင်းအား မဆောင်ရွက်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ရမည်။

(စ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တစ်ခုလုံးကိုဖြစ်စေ သို့မဟုတ် သဘောတူညီချက်တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရပ်ဆိုင်းရန် သို့မဟုတ် ပယ်ဖျက်ရန်အတွက် လိုင်စင်ရရှိသူများအား မည်သို့ပင် အခွင့်အရေး ပေးထားစေကာမူ ဦးစီးဌာနသည် သဘောတူညီချက်အား ရပ်ဆိုင်းရန် သို့မဟုတ် ပယ်ဖျက်ရန် အခွင့်အာဏာရှိသည်။ ထို့ပြင် ဦးစီးဌာနအနေဖြင့် ရပ်ဆိုင်းခြင်းသို့မဟုတ် ပယ်ဖျက်ခြင်းတို့အတွက် ကျိုးကြောင်းဆီလျော်သောစည်းကမ်းချက်များကို ပြဋ္ဌာန်းရန် သို့မဟုတ် သဘောတူညီချက်တွင် ပါဝင်သူတစ်ဦးဦးအား ဦးစီးဌာနက သင့်လျော်သည်ဟုယူဆသောစည်းကမ်းချက်များနှင့် နှုန်းထားများ အတိုင်း ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းကို ဖြည့်ဆည်းစေရန်၊ သဘော တူညီချက်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ မွမ်းမံခြင်း သို့မဟုတ် အစားထိုးခြင်းတို့အား ဆိုင်းငံ့ခြင်းတို့ကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်။

၁၄။ **သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

(က) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာသဘောတူညီချက် သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်များတွင် သက်ဆိုင်ရာလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မည့်ကာလ သတ်မှတ်ရာ၌ အဆိုပါသဘောတူညီချက်များကို လက်မှတ်ရေးထိုးသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ ထက်မကျော်လွန်သောကာလကို သတ်မှတ်ရမည်။

(ခ) သဘောတူညီချက်တွင်ပါဝင်သူတစ်ဦးသည် သဘောတူညီချက်ကို ပြီးမြောက်အောင်ဆောင်ရွက်ရန် အတွက် သဘောတူညီချက်လက်မှတ်ရေးထိုးသည့်နေ့ရက်မှ နည်းဥပဒေခွဲ (က) နှင့်အညီသတ်မှတ် ခဲ့သည့်ရက်အတွင်း အကောင်အထည်ဖော်နိုင်ခြင်းမရှိပါကထိုက်သင့်သောကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းလည်ပတ်မှုအောင်မြင်စေရန်အတွက် လက်တွေ့ကျသောနည်းလမ်း အားလုံးကို အသုံးပြုပြီးဖြစ်ကြောင်း သက်ဆိုင်ရာအထောက်အထားအားလုံးကို ဦးစီးဌာနသို့ တင်ပြပြီး မူလသတ်မှတ်ထားသည့် အချိန်ကာလကို တိုးမြှင့်ရန် စာဖြင့်လျှောက်ထားလာပါက ဦးစီးဌာနသည် အဆိုပါကာလကို တိုးမြှင့်ပေးနိုင်သည်။ ထိုသို့လျှောက်ထားချက်ကို မူလ သတ်မှတ်ထားသည့်ရက်မတိုင်မီ အနည်းဆုံး ၅ ရက်ကြိုတင်၍ လျှောက်ထားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားသည့်ကိစ္စရပ်များအတွက် ဦးစီးဌာနက တိုးမြှင့်သတ်မှတ် ပေးမည့် ကာလသည် မူလသတ်မှတ်ကာလ အပါအဝင် ရက်ပေါင်း ၉၀ ထက်မပိုစေရ။

## အခန်း (၄)

## ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်

၁၅။ **ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူများအတွက် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်နှင့်စပ်လျဉ်းသည့် တာဝန်များ**

(က) ဈေးကွက်လွှမ်းမိုးသောလိုင်စင်ရရှိသူအားလုံးသည် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကို ဦးစီးဌာန၏ အတည်ပြုချက်ရရှိရန် ရေးဆွဲပြင်ဆင်တင်ပြရမည်။ အဆိုပါ ကမ်းလှမ်းချက်သည် ဤနည်းဥပဒေများ အခန်း ၂ နှင့် ၃ တို့ပါ ပြဋ္ဌာန်းချက်များအား လိုက်နာကာ ယင်းတို့နှင့် ကိုက်ညီသောအချက်များပါဝင်ရမည်။

(ခ) ဦးစီးဌာနသည် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကို ရေးဆွဲပြင်ဆင် ရမည့် ဈေးကွက်လွှမ်းမိုးသောလိုင်စင်ရရှိသူ မည်သူမဆို အသုံးပြုရမည့် ရည်ညွှန်းအပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်အတွက် လမ်းညွှန်ချက်များနှင့် နမူနာပုံစံများကို အများ ပြည်သူနှင့် ဆွေးနွေးတိုင်ပင်၍ ထုတ်ပြန်နိုင်သည်။

(ဂ) ဤနည်းဥပဒေအရ ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကို ရေးဆွဲ ပြင်ဆင်ရမည့် ဈေးကွက်လွှမ်းမိုးသောလိုင်စင်ရရှိသူသည် ဦးစီးဌာန၏ အကြောင်းကြားစာ လက်ခံ ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်းနှင့် ဦးစီးဌာနက သတ်မှတ်သည့် ပုံမှန်ကာလအပိုင်း အခြားအလိုက် ရည်ညွှန်းအပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကို ဦးစီးဌာနသို့ အတည်ပြုချက်ရရှိရန် တင်ပြရမည်။

(ဃ) ဦးစီးဌာနအနေဖြင့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ပါစည်းကမ်းချက် များသည် ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာမူများ၊ ဆက်သွယ်ရေးဥပဒေ၊ သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းမူဘောင်၊ ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူ၏ လိုင်စင် သို့မဟုတ် အခြားတည်ဆဲဥပဒေများနှင့် ကိုက်ညီခြင်းမရှိဟု ယူဆပါက ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူအား ရည်ညွှန်းအပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ပါ စည်းကမ်းချက်များကို မွမ်းမံရန် ညွှန်ကြားနိုင်သည်။

(င) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် အတည်ပြုထားသော ရည်ညွှန်းအပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တစ်ခုအား မွမ်းမံလိုပါက ခိုင်လုံသော အကြောင်းပြချက်နှင့် တကွ အဆိုပြုသည့် မွမ်းမံချက်အား ဦးစီးဌာနသို့ ရေးသားတင်ပြရမည်။

(စ) ဦးစီးဌာနသည် အဆိုပြုထားသည့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာကမ်းလှမ်းချက်တစ်ခု သို့မဟုတ် ယင်းအားမွမ်းမံချက်ကို အတည်ပြုသင့်မသင့်ဆုံးဖြတ်ရန်အတွက် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ စိတ်ပါဝင်စားသူများ၏ အမြင်ကိုဖိတ်ခေါ်ခြင်းစသည်တို့အပါအဝင် လိုအပ် သည်ဟု ယူဆသည့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ကျင့်သုံးနိုင်သည်။ ဦးစီးဌာန အနေဖြင့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက် သို့မဟုတ် ယင်းအား မွမ်းမံချက် အပေါ် အတည်ပြုရန် ဆုံးဖြတ်ချက်ကို မြန်ဆန်ထိရောက်စွာ ချမှတ်ရမည်ဖြစ်ပြီး၊ မည်သည့် လုပ်ဆောင်ချက်ကိုမဆို ကျင့်သုံးသည်ဖြစ်စေ ထိုသို့ ဆုံးဖြတ်ချက်ချရန်အတွက် လိုအပ်သော အချိန်ကာလမှာ ရက်ပေါင်း ၉၀ ထက်မကျော်လွန်စေရ။

(ဆ) ဦးစီးဌာနက အခြားနည်းဆုံးဖြတ်ထားခြင်းမရှိပါက ပြင်ဆင်ပြောင်းလဲထားသော ရည်ညွှန်းအပြန် အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တစ်ခုအား အတည်ပြုခြင်းမရှိသရွေ့ လက်ရှိ အတည်ပြုထားသော ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကသာ အကျိုး သက်ရောက်မှုရှိသည်။

(ဇ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက် သို့မဟုတ် ယင်းအား မွမ်းမံချက်ကို အတည်ပြုသည့်နေ့ရက်မှ ၇ ရက်အတွင်း အောက်ပါနည်းလမ်းများဖြင့် ထုတ်ပြန်ပေးရမည် -

(၁) ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်အား ၎င်း၏ဝက်ဘ်ဆိုဒ်တွင် ဖော်ပြခြင်း၊

(၂) လိုင်စင်ရရှိသူ မည်သူမဆို တောင်းဆိုပါက ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်အား ပုံနှိပ်၍သော်လည်းကောင်း၊ အီလက်ထရောနစ်မိတ္တူဖြင့်သော် လည်းကောင်း ရရှိစေရန် ဆောင်ရွက်ခြင်း။

## ၁၆။ ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တွင် ပါဝင်ရမည့် အကြောင်းအရာများ

(က) စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းမှုများအား ပံ့ပိုးနိုင်ရန်အလို့ငှာ ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်း ဆိုင်ရာ ကမ်းလှမ်းချက်ကို တတ်နိုင်သမျှ အသေးစိတ်ဖော်ပြရမည်ဖြစ်ပြီး အနည်းဆုံးအနေဖြင့် နည်းဥပဒေ ၁၀ တွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များအားလုံး ပါဝင်ရမည့်အပြင် လိုင်စင်ရရှိသော အခြားသူတစ်ဦးဦးက တောင်းဆိုလာပါက အောက်ပါတို့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်ရမည် -

(၁) ဆက်သွယ်မှု အသွားအလာလမ်းကြောင်း (routing of traffic) များအတွက် ဝန်ဆောင်မှုများ (ခေါ်ဆိုခြင်း (call)၊ ခေါ်ဆိုမှုအဆုံးသတ်ခြင်း (session termination) နှင့် ခေါ်ဆိုမှုစတင်ခြင်း (session origination)၊

(၂) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ဆက်ကြောင်းများ (interconnection links)၊

(၃) ပြည်တွင်းနှင့် နိုင်ငံတကာအထွက်ခေါ်ဆိုမှု ချိတ်ဆက်ကူးပြောင်းခြင်း (outbound transit)၊

(၄) နောက်ဆက်တွဲ ဝန်ဆောင်မှုလုပ်ငန်းများနှင့်အကောင်အထည်ဖော်မည့်စီမံဆောင်ရွက်မှုများ၊

(၅) နေရာအတူတကွ သုံးစွဲရန် ရည်ရွယ်ချက်အတွက် အပြန်အလှန်ဆက်သွယ်မည့် အမှတ် (points of interconnection) အားလုံးအား ဖော်ပြချက်နှင့် ချိတ်ဆက်မှုဆိုင်ရာ အခြေအနေ များအား ဖော်ပြချက်၊

(၆) အချက်ပြ ပရိုတိုကောလ် (signaling protocol) များ၊ သင့်လျော်သည့်အခြေအနေဖြစ်ပါက နည်းပညာဆိုင်ရာကြားခံပစ္စည်း (interfaces) အတွက် အသုံးပြုမည့် လျှို့ဝှက်သင်္ကေတများ အဖြစ်ပြောင်းလဲခြင်း (encryption) ဆိုင်ရာ နည်းလမ်းများအပါအဝင် အဆိုပြုထားသည့် အပြန်အလှန်ဆက်သွယ်ခြင်းအတွက် နည်းပညာဆိုင်ရာ ကြားခံပစ္စည်း (interfaces) များနှင့် ပတ်သက်သည့် ပြည့်စုံသော ဖော်ပြချက်၊

(၇) သင့်လျော်သည့်အခြေအနေဖြစ်ပါက ဝန်ဆောင်မှုပေးသူရွေးချယ်ခြင်း (carrier selection) နှင့် နံပါတ်ဆက်လက်သယ်ယူအသုံးပြုနိုင်မှု (number portability) နှင့်ပတ်သက်သည့် နည်းပညာနှင့် နှုန်းထားဆိုင်ရာ စည်းကမ်းချက်များ၊

(၈) တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိသည့်ကြားလူ (third-party) ၏ ငွေတောင်းခံလွှာဆိုင်ရာ ဝန်ဆောင်မှုများ (billing services)။

(ခ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် ယင်း၏အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့ ကိုက်ညီမှုရှိစေရန် တတ်နိုင်သမျှ ဆောင်ရွက်ရမည်။ အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့အကြား ကိုက်ညီမှုမရှိဘဲ ယင်းသို့မကိုက်ညီမှုများသည် အပြန်အလှန်ဆက်သွယ်မှုတွင်ပါဝင်သူများအကြားတည်ရှိနေသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ ညှိနှိုင်းဆောင်ရွက်၍မရနိုင်သည့်ကိစ္စရပ်များတွင် ရည်ညွှန်းအပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်ပါ စည်းကမ်းချက်များကသာ လွှမ်းမိုးမည်ဖြစ်သည်။

(ဂ) ဈေးကွက်လွှမ်းမိုးသောလိုင်စင်ရရှိသူ၏ အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာကမ်းလှမ်းချက်တို့မကိုက်ညီဟု လိုင်စင်ရရှိသူတစ်ဦးက ယူဆပါက -

(၁) လိုင်စင်ရရှိသူသည် ယင်းသို့သောမကိုက်ညီမှုကို ကုစားပေးမည့် ပြောင်းလဲမှုများကိုဈေးကွက် လွှမ်းမိုးသော လိုင်စင်ရရှိသူအား စာဖြင့် အဆိုပြုနိုင်သည်။

(၂) လိုင်စင်ရရှိသူထံမှ နည်းဥပဒေခွဲငယ် (၁) ပါ အဆိုပြုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ၅ ရက်အတွင်း ဈေးကွက်လွှမ်းမိုးသောလိုင်စင်ရရှိသူသည် မိမိအနေဖြင့် အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာသဘောတူညီချက်နှင့် ရည်ညွှန်းအပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့ မကိုက်ညီဟု သဘောတူခြင်း ရှိ မရှိနှင့် မကိုက်ညီဟု သဘောတူသည် ဆိုပါက လိုင်စင်ရရှိသူထံမှ အဆိုပြုလာသည့် ပြောင်းလဲမှုများကို သဘောတူခြင်း ရှိ မရှိကို အကြောင်းပြန်ကြားရမည်။

(၃) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် ပြောင်းလဲမှုများကို ပြုလုပ်သင့်သည်ဟု သဘော တူပါက သဘောတူညီချက်တွင် ပါဝင်သူများသည် ပြောင်းလဲမှုများအား သဘောတူညီရန် အတွက် သဘောရိုးဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာသဘောတူညီချက်နှင့်ရည်ညွှန်းအပြန်အလှန် ဆက်သွယ် ခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့မကိုက်ညီဟု သဘောမတူသည့်အခါတွင်ဖြစ်စေ၊ သဘောတူညီ ချက်အား ပြောင်းလဲမှုများကိုသဘောတူရန် ညှိနှိုင်းမှုအား ရက်ပေါင်း ၂၁ ရက် ကြာသည့် တိုင်အောင် မဆောင်ရွက်နိုင်သည့်အခါတွင်ဖြစ်စေ သဘောတူညီချက်တွင် ပါဝင်သူ တစ်ဦးဦးမှ ဤနည်းဥပဒေများ အခန်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အငြင်းပွားမှုအား ဖြေရှင်းပေးရန် ဦးစီးဌာနသို့ တောင်းဆိုနိုင်သည်။

## အခန်း (၅)
## ချိတ်ဆက်အသုံးပြုခြင်း

၁၇။ **ချိတ်ဆက်အသုံးပြုခြင်းဖြည့်ဆည်းပေးရန် ညွှန်ကြားခြင်းခံရသည့် လိုင်စင်ရရှိသူများ၏ တာဝန်များ**

(က) ဦးစီးဌာနသည် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ) နှင့် (ဃ) တို့အရ လိုင်စင်ရရှိသူအား ၎င်း၏ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းနှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများအား ကျိုးကြောင်းခိုင်လုံသောချိတ်ဆက်ခွင့်နှင့် အသုံးပြုခွင့်ကို ဖြည့်ဆည်းပေးရန် စာဖြင့်ညွှန်ကြားနိုင်သည်။ အထူးသဖြင့် ချိတ်ဆက်အသုံးပြုခြင်းကို ငြင်းဆိုခြင်း သို့မဟုတ် ရေရှည်တည်တံ့သော ဈေးကွက်ပြိုင်ဆိုင်မှုဖြစ်ပေါ်ခြင်းကို အဟန့်အတားဖြစ်စေမည့်ကျိုးကြောင်းမခိုင်လုံသော ချိတ်ဆက်အသုံးပြုမှုဆိုင်ရာ စည်းကမ်းချက်များအား သတ်မှတ်ခြင်း သို့မဟုတ် အမှန်တကယ်သုံးစွဲသူများ၏ အကျိုးစီးပွားကို ထိခိုက်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်လာပါက ညွှန်ကြားနိုင်သည်။ ထိုသို့ ညွှန်ကြားရာတွင် အနည်းဆုံးအနေဖြင့် လိုင်စင်ရရှိသူက လိုက်နာရမည့် အောက်ဖော်ပြပါ တာဝန်များ ပါဝင်နိုင်သည် -

(၁) သတ်မှတ်ထားသည့် ဆက်သွယ်ရေးကွန်ရက် အစိတ်အပိုင်းများနှင့် အထောက်အကူပြု ပစ္စည်းများကို လိုင်စင်ရရှိသော အခြားသူတစ်ဦးအား ချိတ်ဆက်အသုံးပြုခွင့်ပေးရန်၊

(၂) အတည်ပြုပြီးဖြစ်သော ကွန်ရက်အထောက်အကူပြုပစ္စည်းများအား ချိတ်ဆက်အသုံးပြုခွင့်ကို ဦးစီးဌာန၏ ခွင့်ပြုထားချက်မှလွဲ၍ ရုပ်သိမ်းခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရန်၊

(၃) နေရာအတူတကွသုံးစွဲခြင်း သို့မဟုတ် ပိုက်လုံး (duct) များ၊ အဆောက်အအုံများ၊ တိုင်များ မျှဝေသုံးစွဲခြင်းအပါအဝင် အခြားအထောက်အကူပြုပစ္စည်းများအား မျှဝေသုံးစွဲခြင်းအား ဖြည့်ဆည်းပေးရန်၊

(၄) လိုင်စင်ရရှိသည့် အခြားတတိယပုဂ္ဂိုလ်များ (third party Qualifying Licensees) အား လိုင်စင်ရရှိသူ ပထမတစ်ဦး၏ ဆက်သွယ်မှုကွန်ရက်မှတစ်ဆင့် အပြန်အလှန်ဆက်သွယ်နိုင်သည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန် လိုင်စင်ရရှိသူတစ်ဦးအတွက် လိုအပ်ချက်နှင့် အင်တဲလီးဂျင့်ကွန်ရက် (intelligent network) ဝန်ဆောင်မှုများ သို့မဟုတ် မိုဘိုင်းကွန်ရက်များတွင် ကွန်ရက်တစ်ခုမှတစ်ခုသို့ ကူးပြောင်းချိတ်ဆက်ခြင်း (roaming) အတွက် အထောက်အကူပြုပစ္စည်းများ အပါအဝင် သုံးစွဲသူများအတွက် စ-လယ်-ဆုံး(end-to-end) ဝန်ဆောင်မှုများ၏ ကွန်ရက်အချင်းချင်းလုပ်ငန်းဆောင်ရွက်နိုင်မှု (interoperability) ကို သေချာစေမည့် လိုအပ်သော သီးသန့်ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန်၊

(၅) ဝန်ဆောင်မှုများ သို့မဟုတ် ဗာကျူရယ်ကွန်ရက် (virtual network) ဝန်ဆောင်မှုများအချင်းချင်းကြား လုပ်ငန်းဆောင်ရွက်ပေးရန်အတွက် လိုအပ်သော နည်းပညာဆိုင်ရာ ကြားခံပစ္စည်းများ (interfaces)၊ ပရိုတိုကောလ်များ (protocols) သို့မဟုတ် အခြားအရေးပါသည့် နည်းပညာများကို ချိတ်ဆက်အသုံးပြုခွင့်ပေးရန်၊

(၆) တတိယပုဂ္ဂိုလ်များမှ လက်ကားစနစ်ဖြင့် ပြန်လည်ရောင်းချရန်အတွက် သီးသန့်ဆက်ကြောင်း (leased lines) ကဲ့သို့သော သီးသန့်ဝန်ဆောင်မှုများအား ဖြည့်ဆည်းပေးရန်၊

(၇) ဝန်ဆောင်မှုများပေးရာတွင် မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက် လိုအပ်သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အထောက်အကူပြုစနစ်များ သို့မဟုတ် အခြားဆော့ဖ်ဝဲစနစ်များအား အသုံးပြုခွင့်ရရှိအောင် ဖြည့်ဆည်းပေးရန်၊

(၈) ချိတ်ဆက်အသုံးပြုရန် တောင်းဆိုထားသော လိုင်စင်ရရှိသူများနှင့် သဘောရိုးဖြင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) တွင် သတ်မှတ်ထားသည့် တာဝန်များကို ပြဋ္ဌာန်းရာတွင် မျှတမှုရှိစေရန်၊ ကျိုးကြောင်းဆီလျော်မှုရှိစေရန်နှင့် အချိန်ကိုက်ဖြစ်စေရန်အတွက် စည်းကမ်းချက်များကို တစ်ပါတည်းချမှတ်နိုင်သည်။

(ဂ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသည့်တာဝန်များအား ပြဋ္ဌာန်းခြင်းပြုမပြုကို စဉ်းစားရာ၌ အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီမှုရှိမရှိ အထူးသဖြင့် အဆိုပါတာဝန်များသည် ဤနည်းဥပဒေများတွင် ချမှတ်ထားသော ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိထည့်သွင်း စဉ်းစားရမည် -

(၁) ဈေးကွက်ဖွံ့ဖြိုးစေနိုင်သည့် နှုန်းထားများ၊ ချိတ်ဆက်အသုံးပြုမည့် အမျိုးအစားနှင့် သဘော သဘာဝတို့ကို ထည့်သွင်းစဉ်းစားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်းနှင့် အသုံးပြုခြင်းတို့အတွက် နည်းပညာအရသော်လည်းကောင်း၊ သဘာဝ ပတ်ဝန်းကျင်အရသော်လည်းကောင်းနှင့် စီးပွားရေးအရသော်လည်းကောင်း တွက်ခြေကိုက်မှု၊

(၂) အဆိုပြုထားသော ချိတ်ဆက်အသုံးပြုခြင်းကို ဖြည့်ဆည်းပေးရာတွင် ရရှိနိုင်သော ပမာဏ (available capacity) အရ ဖြည့်ဆည်းပေးရန် ဖြစ်နိုင်ခြေရှိမှု၊

(၃) ရင်းနှီးမြှုပ်နှံရာတွင် ဖြစ်နိုင်သည့် စွန့်စားရမှုများ၊ ပြဿနာများကို ထည့်သွင်းစဉ်းစားလျက် အထောက်အကူပြုပစ္စည်းပိုင်ဆိုင်သူ၏ ကနဦးရင်းနှီးမြှုပ်နှံမှု၊

(၄) ယှဉ်ပြိုင်မှုရေရှည်တည်တံ့ရေးအတွက် ဆက်လက်ထိန်းသိမ်းထားရှိရန် လိုအပ်ချက်၊

(၅) သင့်လျော်သည့် အခြေအနေများတွင် သက်ဆိုင်သည့် ဉာဏမူပိုင်ခွင့်ဆိုင်ရာကိစ္စများ။

၁၈။ **ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူများအတွက် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်နှင့် စပ်လျဉ်းသည့် တာဝန်များ**

(က) ဦးစီးဌာန၏ အတည်ပြုချက်ရရှိရန်အတွက် ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူအား ရည်ညွှန်း ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကို တင်ပြရန် ဦးစီးဌာနက ညွှန်ကြားနိုင်သည်။

(ခ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူမှ ကမ်းလှမ်းသည့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်တွင် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာဝန်ဆောင်မှုများ ပါဝင်ရမည်ဖြစ်ပြီး၊ လိုအပ်ပါက အောက်ပါအချက်များ ပါဝင်ရမည် -

(၁) ကြိုးဖုန်းကွန်ရက် သို့မဟုတ် မိုဘိုင်းဖုန်းကွန်ရက်ဆိုင်ရာပစ္စည်းများနှင့် ဆက်စပ်အထောက် အကူပြုပစ္စည်းများကို ချိတ်ဆက်အသုံးပြုခြင်း၊ ယင်းတွင် ဆက်သွယ်ရေးပစ္စည်းအချင်းချင်း ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ ချိတ်ဆက်မှုများ ပါဝင်သည်။

(၂) အဆောက်အအုံများ၊ ပိုက်လုံး (ducts) များ၊ တိုင်များ အပါအဝင် ရုပ်ပိုင်းဆိုင်ရာ အဆောက် အအုံများအား (passive physical infrastructure) ရယူသုံးစွဲခွင့်၊

(၃) လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ပံ့ပိုးမှုစနစ်များအပါအဝင် သင့်လျော်သည့် ဆော့ဖ်ဝဲလ် စနစ် များကို ရယူသုံးစွဲခွင့်၊ နံပါတ်ဘာသာပြန်ဆိုခြင်း (number translation) သို့မဟုတ် အလားတူ ဆောင်ရွက်နိုင်သည့် စနစ်များအား ရယူသုံးစွဲခွင့်၊

(၄) ဒစ်ဂျစ်တယ်ရုပ်မြင်သံကြား ဝန်ဆောင်မှုများအတွက် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ စနစ် များအား ရယူသုံးစွဲခွင့်၊

(၅) ဗာကျူရယ်ကွန်ရက် (virtual network) ဝန်ဆောင်မှုများအား ရယူသုံးစွဲခွင့်၊

(၆) သွယ်ဝိုက်သောနည်းအားဖြင့် သုံးစွဲခွင့်။

(ဂ) မည်သည့်ရည်ညွှန်း ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကိုမဆို ရေးဆွဲပြင်ဆင်ရာတွင် ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူအားလုံးက အသုံးပြုရမည့် ကမ်းလှမ်းချက်များနှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက်များနှင့် နမူနာပုံစံများကို ဦးစီးဌာနသည် အများပြည်သူနှင့်ဆွေးနွေး တိုင်ပင်၍ ထုတ်ပြန်နိုင်သည်။

(ယ) ဤနည်းဥပဒေများအရ ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာကမ်းလှမ်းချက်ကို ရေးဆွဲပြင်ဆင်ရမည့် ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် ဦးစီးဌာန၏ အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်းနှင့် ဦးစီးဌာနကသတ်မှတ်သည့် ပုံမှန်ကာလအပိုင်းအခြားအလိုက် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကို ဦးစီးဌာနသို့ အတည်ပြုချက်ရရှိရန် တင်ပြရမည်။

(ရ) ဦးစီးဌာနအနေဖြင့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်ပါ စည်းကမ်းချက်များသည် ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာမူများ၊ ဆက်သွယ်ရေးဥပဒေ၊ သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းမူဘောင်၊ ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူ၏ လိုင်စင် သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိဟု ယူဆပါက ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူအား ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်ပါ စည်းကမ်းချက်များကို မွမ်းမံရန် ညွှန်ကြားနိုင်သည်။

(လ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် ယင်း၏ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့ ကိုက်ညီမှုရှိစေရန် တတ်နိုင်သမျှ ဆောင်ရွက်ရမည်။

(ဝ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့သည် ကိုက်ညီမှုမရှိဘဲ ယင်းသို့မကိုက်ညီမှုများသည် ပါဝင်သူများအကြား ရှိနေသော သီးခြားအခြေအနေအရပ်ရပ်အပေါ် မူတည်၍ ညှိနှိုင်းဆောင်ရွက်၍မရနိုင်သည့် ကိစ္စရပ်များတွင် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်ပါ စည်းကမ်းချက်များကသာ လွှမ်းမိုးမည်ဖြစ်သည်။

(သ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူ၏ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့သည် ကိုက်ညီမှုမရှိဟု လိုင်စင်ရရှိသူတစ်ဦးက ယူဆပါက -

(၁) လိုင်စင်ရရှိသူသည် ယင်းသို့သော မကိုက်ညီမှုကို ကုစားပေးမည့် ပြောင်းလဲမှုများကို ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူထံ စာဖြင့် အဆိုပြုနိုင်သည်။

(၂) လိုင်စင်ရရှိသူထံမှ နည်းဥပဒေခွဲငယ် (၁) ပါ အဆိုပြုချက်ကိုလက်ခံရရှိသည့်နေ့မှ ၅ ရက်အတွင်း ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် အဆိုပါမကိုက်ညီမှုကို သဘောတူခြင်း ရှိ မရှိနှင့် မကိုက်ညီဟု သဘောတူပါက လိုင်စင်ရရှိသူ အဆိုပြုလာသည့် ပြောင်းလဲမှုများကို သဘောတူခြင်း ရှိ မရှိတို့ကို အကြောင်းပြန်ကြားရမည်။

(၃) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် ပြောင်းလဲမှုများကို ပြုလုပ်သင့်သည်ဟု သဘောတူပါက ပါဝင်သူများသည် ပြောင်းလဲမှုများအား သဘောတူညီရန်အတွက် သဘောရိုးဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်တို့ မကိုက်ညီဟု သဘောမတူသောအခါတွင်ဖြစ်စေ၊ သဘောတူညီချက်အား ပြောင်းလဲမှုများကိုသဘောတူရန် ညှိနှိုင်းမှုအား ရက်ပေါင်း ၂၁ ရက်ကြာသည့်တိုင်အောင် မဆောင်ရွက်နိုင်သည့်အခါတွင်ဖြစ်စေ၊ သဘောတူညီချက်တွင်ပါဝင်သူ တစ်ဦးဦးမှ ဤနည်းဥပဒေများ အခန်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အငြင်းပွားမှုအား ဖြေရှင်းပေးရန် ဦးစီးဌာနသို့ တောင်းဆိုနိုင်သည်။

(ဟ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် အတည်ပြုထားသော ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်တစ်ခုအားမွမ်းမံလိုပါက ခိုင်လုံသောအကြောင်းပြချက်နှင့်တကွ အဆိုပြုသည့် မွမ်းမံချက်အား ဦးစီးဌာနထံ ရေးသားတင်ပြရမည်။

(ည) ဦးစီးဌာနသည် အဆိုပြုထားသည့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက် သို့မဟုတ် ယင်းအား မွမ်းမံချက်ကို အတည်ပြုသင့် မသင့် ဆုံးဖြတ်ရန်အတွက် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ စိတ်ပါဝင်စားသူများ၏ အမြင်ကိုဖိတ်ခေါ်ခြင်းစသည်တို့ အပါအဝင် လိုအပ်သည်ဟု ယူဆသည့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ကျင့်သုံးနိုင်သည်။ ဦးစီးဌာနအနေဖြင့် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက် သို့မဟုတ် ယင်းအား မွမ်းမံချက်အပေါ် အတည်ပြုရန်ဆုံးဖြတ်ချက်ကို မြန်ဆန်ထိရောက်စွာချမှတ်ရမည်ဖြစ်ပြီး မည်သည့်လုပ်ဆောင်ချက်ကို မဆို ကျင့်သုံးသည်ဖြစ်စေ ထိုသို့ ဆုံးဖြတ်ချက်ချရန်အတွက် လိုအပ်သောအချိန်ကာလမှာ ရက်ပေါင်း ၉၀ ထက်မကျော်လွန်စေရ။

(ဋ) ဦးစီးဌာနက အခြားနည်းဆုံးဖြတ်ထားခြင်းမရှိပါက ပြင်ဆင်ပြောင်းလဲထားသော ရည်ညွှန်း ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာကမ်းလှမ်းချက်တစ်ခုအား အတည်ပြုခြင်းမရှိသရွေ့ လက်ရှိ အတည်ပြုထားသော ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်ကသာ အကျိုး သက်ရောက်မှုရှိသည်။

(ဌ) ဈေးကွက်လွှမ်းမိုးသော လိုင်စင်ရရှိသူသည် ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက် သို့မဟုတ် ယင်းအားမွမ်းမံချက်ကို အတည်ပြုသည့်နေ့ရက်မှ ၇ ရက်အတွင်း အောက်ပါနည်းလမ်း များဖြင့် ထုတ်ပြန်ပေးရမည် -

(၁) ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ကမ်းလှမ်းချက်အား ၎င်း၏ဝက်ဘ်ဆိုဒ်တွင် ဖော်ပြခြင်း၊

(၂) လိုင်စင်ရရှိသော အခြားသူတစ်ဦးဦးက တောင်းဆိုပါက ရည်ညွှန်းချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ ကမ်းလှမ်းချက်အား ပုံနှိပ်၍သော်လည်းကောင်း၊ အီလက်ထရောနစ်မိတ္တူဖြင့်သော် လည်းကောင်း ရရှိစေရန် ဆောင်ရွက်ခြင်း။

## အခန်း (၆)

## ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ အငြင်းပွားမှုအား ဖြေရှင်းခြင်း

၁၉။ အငြင်းပွားမှုအား ဖြေရှင်းရာတွင် ဆောင်ရွက်ရမည့်အချက်များ -

(က) လိုင်စင်ရရှိသူသည် ဤနည်းဥပဒေများအရ သို့မဟုတ် ယင်း၏ လိုင်စင်အရသော်လည်းကောင်း၊ မိမိ၏သဘောဆန္ဒအရသော်လည်းကောင်း ချိတ်ဆက်အသုံးပြုခြင်းနှင့်အပြန်အလှန်ဆက်သွယ်ခြင်း ဆိုင်ရာ အငြင်းပွားမှုအားဖြေရှင်းရန်အတွက် အငြင်းပွားမှုဖြေရှင်းရန်တောင်းဆိုချက်ကို ဦးစီးဌာနသို့ ရေးသားပေးပို့ရမည်။ ထိုတောင်းဆိုချက်ကို ရေးသားသူအား လျှောက်ထားသူ (Claimant) ဟု ခေါ်တွင်ရမည်ဖြစ်ပြီး အငြင်းပွားမှုတွင်ပါဝင်သော အခြားတစ်ဖက်မှသူအား လျှောက်ထားခံရသူ (Respondent) ဟုခေါ်တွင်ရမည်။

(ခ) အငြင်းပွားမှုဖြေရှင်းရန် တောင်းဆိုချက်တွင် -

(၁) လျှောက်ထားသူနှင့် လျှောက်ထားခံရသူများ၏ လိပ်စာနှင့် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား ပါဝင်ရမည်။

(၂) အငြင်းပွားမှုဖြစ်နေသည့် ကွန်ရက်ဝန်ဆောင်မှုများနှင့် ကွန်ရက်အထောက်အကူပြုပစ္စည်း များအား ဖော်ပြချက် ပါဝင်ရမည်။

(၃) အငြင်းပွားမှုဖြစ်နေသည့်ကိစ္စများအပြင် နှစ်ဖက်စလုံးမှ သဘောတူညီထားသည့်အခြားသော ကိစ္စများကို ဖော်ပြရမည်။

(၄) အငြင်းပွားမှုကို ဖြေရှင်းရန် နှစ်ဖက်စလုံးမှပြုလုပ်ခဲ့သော အားထုတ်မှုများ၊ လျှောက်ထားသူ က ဆုံးဖြတ်ပေးစေလိုသည့်ကိစ္စရပ်များ၊ ပြေရာပြေကြောင်းဖြစ်စေမည့် တိုတိုနှင့် ရှင်းလင်း ပြည့်စုံသော ဖြေရှင်းချက်များ စသည်တို့အား အသေးစိတ်ဖော်ပြပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အငြင်းပွားမှုဖြေရှင်းရန် တောင်းဆိုချက်မိတ္တူအား လျှောက်ထားခံရသူထံသို့ ပေးပို့ရမည်။

(ဃ) လျှောက်ထားသူသည် မိမိ၏ဆန္ဒအရ အငြင်းပွားမှုဖြေရှင်းလိုပါက အငြင်းပွားမှုဖြေရှင်းရန် တောင်းဆိုချက်ကို ရေးသားရာတွင် အောက်ဖော်ပြပါအချက်များကို ဖော်ပြရမည် -

(၁) အငြင်းပွားမှုဖြစ်နေသောကိစ္စရပ်အား လျှောက်ထားခံရသူထံသို့ အကြောင်းကြားပြီး ဖြစ်ကြောင်း၊

(၂) လျှောက်ထားခံရသူနှင့် ဆွေးနွေးမှုများပြုလုပ်ပြီး အငြင်းပွားမှုအား ဖြေရှင်းနိုင်ရန်အတွက် သဘောရိုးဖြင့် ကြိုးပမ်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊

(၃) မဖြေရှင်းရသေးသည့် အငြင်းပွားမှုနှင့်ပတ်သက်၍ လျှောက်ထားခံရသူထံ အငြင်းပွားမှု အတွက် အကြောင်းကြားစာပေးပို့ထားသည်မှာ အနည်းဆုံးရက်ပေါင်း ၃၀ ကြာပြီး ဖြစ်ကြောင်း။

(င) လျှောက်ထားခံရသူသည် ဦးစီးဌာနထံ အငြင်းပွားမှုအား တင်ပြရမည်ဖြစ်ပြီး အငြင်းပွားမှုဖြေရှင်း ပေးရန် တောင်းဆိုချက်ကို ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၂၀ အတွင်း လျှောက်ထားသူထံစာဖြင့် အကြောင်းပြန်ကြားရမည်။

(စ) အခြေအနေပေါ်မူတည်၍ ဦးစီးဌာနသည် လျှောက်ထားခံရသူဘက်မှ ပြန်ကြားချက်ပေးရမည့် အချိန်ကာလကို လျှော့ခြင်း သို့မဟုတ် တိုးမြှင့်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဆ) အငြင်းပွားမှုဖြေရှင်းရန် တောင်းဆိုချက်ကိုရရှိသောအခါ ဦးစီးဌာနသည် အောက်ဖော်ပြပါ ဆောင်ရွက်ချက်များအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆောင်ရွက်နိုင်သည် -

(၁) လိုအပ်သည်ဟု ယူဆပါက အငြင်းပွားမှုကြောင့် အကျိုးသက်ရောက်နိုင်သည့် မည်သည့် ပုဂ္ဂိုလ်ထံမှမဆို အခြားသတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(၂) အငြင်းပွားမှုအား ဖြေရှင်းရန်အတွက် ကြိုးပမ်းမှုများကိုစတင်ရန် သို့မဟုတ် ဆက်လက် ဆောင်ရွက်ရန် နှစ်ဖက်စလုံးအား ညွှန်ကြားနိုင်သည်။

(၃) အောက်ပါအခြေအနေများတွင် အငြင်းပွားမှုကို ဆုံးဖြတ်ပေးရန် ငြင်းပယ်နိုင်သည် -

(က) ဦးစီးဌာန၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်နှင့် အကျုံးမဝင်ခြင်း၊

(ခ) အငြင်းပွားမှုသည် အရေးမပါခြင်း၊ ရန်မီးပွားစေခြင်း သို့မဟုတ် လုပ်ငန်းစဉ်အား မလျော်မကန်ဖြစ်စေခြင်း၊

(ဂ) လျှောက်ထားသူသည် လျှောက်ထားခံရသူနှင့် အငြင်းပွားမှုအား ဖြေရှင်းရန်အတွက် လုံလောက်သော အားထုတ်မှုမရှိခဲ့ခြင်း၊

(ဃ) အငြင်းပွားရခြင်းအဓိကအကြောင်းရင်းသည် နားလည်မှုလွဲမှားခြင်း၊ ချို့ယွင်းချက်များ ရှိနေခြင်း သို့မဟုတ် အကြောင်းအရာ ခိုင်လုံမှုမရှိခြင်း၊

(င) အငြင်းပွားမှုအပေါ် ဆုံးဖြတ်ချက်ကြောင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှု သိသိသာသာ တိုးတက်မှုမရှိနိုင်ခြင်း၊

(စ) အငြင်းပွားနေသော အကြောင်းအရာသည် လူမှုရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ အတိုင်းအတာတစ်ခုအထိ အရေးပါမှုမရှိခြင်း၊

(ဆ) အငြင်းပွားနေသော အကြောင်းအရာသည် နှစ်ဦးနှစ်ဖက်ရရှိခဲ့သည့် စီးပွားရေးဆိုင်ရာ သဘောတူညီမှုကို နှောင့်ယှက်ကြောင်း သတ်မှတ်ရန် လုံလောက်သောအရေးပါမှု မရှိခြင်း၊

(ဇ) အငြင်းပွားမှုဖြေရှင်းရန်ကိစ္စသည် သုံးစွဲသူများအတွက် အကောင်းဆုံးအကျိုးရှိမည့် ကိစ္စမဟုတ်ခြင်း။

(၄) နှစ်ဖက်စလုံးမှ သက်သေအထောက်အထားများနှင့် တင်ပြချက်များကို စုစည်းရန်အတွက် လိုအပ်ပါက အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်းအပါအဝင် မည်သည့်လုပ်ငန်းစဉ်ကို မဆို ချမှတ်ခြင်း၊

(၅) အငြင်းပွားမှုအား ဖြေရှင်းသည့် လုပ်ငန်းစဉ်များ၊ စေ့စပ်ဖျန်ဖြေမှု သို့မဟုတ် အနုညာတ ဖျန်ဖြေမှု စတင်မည့်အချိန်ကာလနှင့် ပြီးဆုံးမည့် အချိန်ကာလသတ်မှတ်ချက်၊ ရရှိလာမည့် ဆုံးဖြတ်ချက်သည် အငြင်းပွားသူများနှင့် ဦးစီးဌာနအပေါ် အာဏာသက်ရောက်မှု ရှိ မရှိနှင့် ကုန်ကျစရိတ် ခွဲဝေသတ်မှတ်ခြင်းနည်းလမ်းများ အပါအဝင် ကြားဝင်ဖျန်ဖြေမှု သို့မဟုတ် အနုညာတဖျန်ဖြေမှုဆိုင်ရာ ကိုးကားရမည့်အချက်များ (terms of reference) ကိုချမှတ်ခြင်းနှင့် အငြင်းပွားမှုအားဖြေရှင်းရန်အတွက် စေ့စပ်ဖျန်ဖြေသူ သို့မဟုတ် အနုညာတ ခုံသမာဓိ တစ်ဦးအား ခန့်ထားခြင်း၊

(၆) အခြေအနေအရပ်ရပ်အလိုက် ဦးစီးဌာနကသင့်လျော်သည်ဟု ယူဆသည့် လုပ်ငန်းစဉ်များကို အသုံးပြုလျက် အငြင်းပွားမှုအား စီရင်ဆုံးဖြတ်ချက် ချမှတ်ခြင်း၊

(၇) အခြေအနေများအလိုက် ဦးစီးဌာနက သင့်လျော်သည်ဟု ယူဆသည့် အခြားသော အရေးယူ ဆောင်ရွက်ချက်များပြုလုပ်ခြင်း။

## ၂၀။ အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဆောင်ရွက်ရမည့် လမ်းညွှန်မှုများ

(က) ဦးစီးဌာနသည် အငြင်းပွားမှုတစ်ရပ်ကို ဆုံးဖြတ်ရာတွင် အငြင်းပွားမှုဖြစ်နေသူများ၊ အမှန်တကယ် သုံးစွဲသူများနှင့်နိုင်ငံတစ်ဝန်းလုံးအပါအဝင် အားပြိုင်နေသောသဘောထားများကြား တရားမျှတသည့် ဟန်ချက်ညီမျှမှုရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး၊ အငြင်းပွားခြင်းမရှိသော ကိစ္စရပ်များတွင် ပါဝင်သူများအကြားထားရှိသည့် သဘောတူညီချက်များကို တတ်နိုင်သမျှ ထိန်းသိမ်းလျက် မြန်နိုင်သမျှမြန်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

(ခ) သင့်လျော်သည့် အခြေအနေများတွင် ဦးစီးဌာနသည် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အောက်ဖော်ပြပါ အချက်အလက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည် -

(၁) ဆက်သွယ်ရေးဝန်ဆောင်မှုများကို အမှန်တကယ် သုံးစွဲနေကြသူများ၏ ရေရှည်အကျိုး စီးပွားကို မြှင့်တင်ပေးနိုင်မှု၊

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် ကွန်ရက်များ၏ စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းဆောင်ရွက်မှု၊

(၃) တောင်းခံထားသော ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းများအတွက် နည်းပညာအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ဖြစ်နိုင်ခြေရှိသည့် အခြားသောနည်းလမ်းများရရှိနိုင်မှု၊

(၄) သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား သုံးစွဲသူများထံ ကျယ်ကျယ်ပြန့်ပြန့် ရရှိအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးရန် ဆန္ဒရှိမှု၊

(၅) တောင်းဆိုမှုအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ရရှိနိုင်သော အရင်းအမြစ် များနှင့်စပ်လျဉ်း၍ တောင်းဆိုမှု၏ သဘောသဘာဝ၊

(၆) အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း (universal service) ကိုထိန်းသိမ်းရန် လိုအပ်မှု၊

(၇) ဆက်သွယ်ရေးကွန်ရက်များ၏ တည်တံ့ခိုင်မြဲမှု (integrity) နှင့် ကွန်ရက်အချင်းချင်း အပြန် အလှန်လုပ်ငန်းဆောင်ရွက်နိုင်မှု (interoperability) ကို ထိန်းသိမ်းထားရှိရန်လိုအပ်ချက်၊

(၈) ယှဉ်ပြိုင်မှုအား မြှင့်တင်ပေးမှု၊

(၉) အများပြည်သူ အကျိုးစီးပွား၊

(၁၀) ပါဝင်သူ တစ်ဦးတစ်ယောက်နှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ထိန်းသိမ်းကြီးကြပ်ရေးဆိုင်ရာ တာဝန်များ သို့မဟုတ် ကန့်သတ်ချက်များ၊

(၁၁) အခြားသက်ဆိုင်သော၊ သင့်လျော်သော ထင်မြင်ယူဆချက်များ။

၂၁။ **အငြင်းပွားမှုကို ဖြေရှင်းရန် ကနဦးစတင်ဆောင်ရွက်မှု**

ဦးစီးဌာနသည် အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ်အား မိမိကနဦးဆောင်ရွက်ချက်ဖြင့် စတင်လုပ်ဆောင်နိုင်ပြီး ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ အငြင်းပွားမှုများသည် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်း မရှိစေရန်အတွက် ဦးစီးဌာနမှ လိုအပ်သည်ဟု ယူဆသော ပြဋ္ဌာန်းချက်များကို လိုင်စင်ရရှိသူအပေါ် ယာယီအားဖြင့် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(ပုံ) မြတ်ဟိန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

၁။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၄) ၏ သဘောတူညီချက်ဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၉ နှင့် ၂၀ တို့အရ အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိကောင်စီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) အလုပ်သမားဝန်ကြီးဌာနမှ ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး**

(၁) ဦးခင်မောင်ရီ
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး

(၂) ဦးစိုးညွန့်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၃) ဦးအောင်စံတင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(၄) ဦးအေးငွေ
ညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၅) ဦးကျော်စိုးဝင်း
ညွှန်ကြားရေးမှူး (ငြိမ်း)
ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး

**(ခ) အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး**

(၁) ဦးထွန်းအေး
ဒုတိယဥက္ကဋ္ဌ (ငြိမ်း)
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၂) ဦးထွန်းအောင်
ဒုတိယဥက္ကဋ္ဌ (ငြိမ်း)
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၃) ဦးမောင်မောင်ဝင်း
ဥပဒေပညာရှင်
တရားလွှတ်တော်ရှေ့နေ

(၄) ဦးသန်းမောင်
ဥပဒေပညာရှင်
တရားလွှတ်တော်ရှေ့နေ

(၅) ဦးဌေးအောင်
အထွေထွေမန်နေဂျာ (ငြိမ်း)
အထွေထွေကုန်ပစ္စည်းရောင်းဝယ်ရေး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**(ဂ) အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး**

(၁) ဦးရဲနိုင်ဝင်း
ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်သား

(၂) ဦးဌေး
တရားလွှတ်တော်ရှေ့နေ

(၃) ဦးနေမင်း
စာရေးဆရာ

(၄) ဦးဇော်ညွှန့်
အလွတ်သင်ကျောင်းဆရာ

(၅) ဒေါ်စန်းစန်းဦး
မျှဉ်းဆွဲဝန်ထမ်း၊ ယူနီကာလာ ဗလာစာအုပ်စက်ရုံ

၂။ ခုံသမာဓိကောင်စီဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်ရေး သဘောတရားများအပေါ် အခြေခံကာ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုမရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်ခြင်း၊

(ခ) လက်ခံရရှိသည့် အငြင်းပွားမှုအား ကြားနာစစ်ဆေးရန် ဖွဲ့စည်းထားသည့် ခုံသမာဓိကောင်စီဝင် ပုဂ္ဂိုလ်များအနက်မှ သုံးဦးပါဝင်သော ခုံအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်းနှင့် စစ်ဆေးဆုံးဖြတ်စေခြင်း၊

(ဂ) ခုံသမာဓိအဖွဲ့နှင့် ခုံအဖွဲ့တို့က ဆောင်ရွက်ရမည့် လုပ်ငန်းနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ခြင်း။

ဦးအေးမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

**အထပ်မြင့် အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ**
**ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံရှိ အဓိကမြို့ကြီးများ၌ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကို စံချိန်စံညွှန်းနှင့်ညီညွတ်သော အဆင့်မြင့် အဆောက်အအုံများ ပေါ်ထွန်းလာရေးအတွက် ခိုင်ခံ့မှုပိုင်းဆိုင်ရာ အရည်အသွေးကို ကြီးကြပ်စစ်ဆေးနိုင်ရန် Structure ပညာရှင်၊ Geotechnical ပညာရှင်၊ Architectural ပညာရှင်၊ Electrical, Sanitary, Mechanical နှင့် Mechanical & Electrical Installation ပညာရှင်များ ပါဝင်သော အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ကို ဖွဲ့စည်းရန် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၄) ၏ သဘောတူညီချက်အရ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးသန်းမြင့် | ဥက္ကဋ္ဌ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမြေငလျင်ကော်မတီ<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ<br>(ကောင်စီဝင်) |
| (ခ) | ဦးခင်မောင်တင့် | ဒုတိယဥက္ကဋ္ဌ | ကောင်စီဝင်<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ |
| (ဂ) | ဦးဆလိုင်းမျိုးမြင့် | ဒုတိယဥက္ကဋ္ဌ | ဒု-အင်ဂျင်နီယာချုပ်<br>ရေသန့် (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |

| | | | |
|---|---|---|---|
| (ဃ) | ဒေါက်တာဆွေဆွေအေး<br>(Architect) | အဖွဲ့ဝင် | ဒုတိယပါမောက္ခချုပ် (ငြိမ်း)<br>ရန်ကုန်နည်းပညာတက္ကသိုလ် |
| (င) | ဦးဆန်းဦး<br>(Architect) | အဖွဲ့ဝင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ |
| (စ) | ဦးခင်မောင်မောင်<br>(Heritage) | အဖွဲ့ဝင် | ဒု-အင်ဂျင်နီယာမှူးကြီး<br>ဗိသုကာ (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ဆ) | ဒေါက်တာညဏ်မြင့်ကျော်<br>(Structure) | အဖွဲ့ဝင် | ပါမောက္ခ၊ ဌာနမှူး<br>မြို့ပြအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဇ) | ဦးဝင်းအောင်ချို<br>(Structure) | အဖွဲ့ဝင် | တွဲဖက်ပါမောက္ခ (ဧည့်)<br>မြို့ပြအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဈ) | ဦးခင်မောင်ဦး<br>(Structure) | အဖွဲ့ဝင် | ဒု-အင်ဂျင်နီယာချုပ်<br>တံတား (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ည) | ဦးစောထွေးဇော်<br>(Structure) | အဖွဲ့ဝင် | တွဲဖက်ပါမောက္ခ (ဧည့်)<br>မြို့ပြအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဋ) | ဒေါက်တာယုမောင်<br>(Structure) | အဖွဲ့ဝင် | တွဲဖက်ပါမောက္ခ (ဧည့်)<br>ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဌ) | ဦးညွန့်မောင်စန်း<br>(Structure) | အဖွဲ့ဝင် | အင်ဂျင်နီယာချုပ်<br>အဆောက်အဦ (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ဍ) | ဦးစန်းကြူ<br>(Structure) | အဖွဲ့ဝင် | တွဲဖက်ပါမောက္ခ (ဧည့်)<br>မြို့ပြအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဎ) | ဦးသန်းအေး<br>(Electrical) | အဖွဲ့ဝင် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>စက်မှုဝန်ကြီးဌာန |
| (ဏ) | ဦးစံတင်<br>(Electrical) | အဖွဲ့ဝင် | ဒုတိယညွှန်ကြားရေးမှူး<br>လျှပ်စစ် (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (တ) | ဦးဝင်းခိုင်<br>(Mechanical and Electrical Installation) | အဖွဲ့ဝင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း |
| (ထ) | ဦးရွှေယုကျော်<br>(Mechanical and Electrical Installation) | အဖွဲ့ဝင် | အင်ဂျင်နီယာမှူးကြီး<br>လျှပ်စစ် (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |

| | | | |
|---|---|---|---|
| (ဒ) | ဦးစီမောင် (Sanitary) | အဖွဲ့ဝင် | ကထိက (ငြိမ်း)<br>မြို့ပြအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ဓ) | ဦးမြင့်ဟန် (Sanitary) | အဖွဲ့ဝင် | ဒုတိယအင်ဂျင်နီယာချုပ်<br>ရေသန့် (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (န) | ဒေါ်ထူးထူးဝေ | အဖွဲ့ဝင် | ဒုတိယအင်ဂျင်နီယာချုပ် (ဗိသုကာ)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ပ) | ဦးမြင့်သိန်း | အဖွဲ့ဝင် | ဒုတိယအင်ဂျင်နီယာချုပ် (လျှပ်စစ်)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ဖ) | ဦးအေးကို | အဖွဲ့ဝင် | ဒုတိယအင်ဂျင်နီယာချုပ် (ရေ/သန့်)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ဗ) | ဒေါ်ပြုံးပြုံးခိုင် | အဖွဲ့ဝင် | အင်ဂျင်နီယာမှူးကြီး (ခန့်/သု)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ဘ) | ဒေါ်မြဝင်း | အဖွဲ့ဝင် | အင်ဂျင်နီယာမှူးကြီး (စက်မှု)<br>(အောက်မြန်မာပြည်)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (မ) | ဒေါ်လှိုင်မော်ဦး | အဖွဲ့ဝင် | အင်ဂျင်နီယာမှူးကြီး (Heritage)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ယ) | ဦးမြင့်သိန်း | အတွင်းရေးမှူး (၁) | ဒုတိယအင်ဂျင်နီယာချုပ်<br>အဆောက်အဦ (ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| (ရ) | ဒေါ်သန်းသန်းနွဲ့ | အတွင်းရေးမှူး (၂) | ဒုတိယအင်ဂျင်နီယာချုပ်<br>လျှပ်စစ်(ငြိမ်း)<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |

၂။ ယခုအသစ်ပြန်လည်ဖွဲ့စည်းမည့် အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံတွင် တည်ဆောက်မည့် အဆောက်အအုံများ ဒီဇိုင်းတွက်ချက်ရာတွင် လိုက်နာရမည့် နည်းလမ်းညွှန်ချက်များ (Guidelines) ကို ရေးဆွဲသတ်မှတ်ပေးရန်။

(ခ) အဆောက်အအုံ၏ အရည်အသွေးထိန်းသိမ်းရေး (Quality Control) အတွက် စီမံကိန်းစီမံကွပ်ကဲသူများနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာများလိုက်နာရမည့် လမ်းညွှန်ချက်များကို ရေးဆွဲသတ်မှတ်ပေးရန်။

(ဂ) သက်ဆိုင်ရာဒီဇိုင်းပြုလုပ်သူ (Designer) မှ တင်ပြလာသော ဒီဇိုင်းများသည် သတ်မှတ်ထားသော လမ်းညွှန်ချက်များ (Guidelines) နှင့် ကိုက်ညီမှု ရှိ/မရှိ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးလျက်ရှိသော ကျင့်ထုံးများ (Code of Practice) အရ လက်ခံနိုင်မှု ရှိ/မရှိကို စစ်ဆေးရန်၊ အကယ်၍ ပြုပြင်ရန်လိုအပ်ပါက မည်သို့ပြုပြင်မှုများ ပြုလုပ်သင့်သည်ကို အကြံပေးရန်။

(ဃ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး သတ်မှတ်ထားသောလမ်းညွှန်ချက်များကို လိုက်နာမှု ရှိ/မရှိကို ပုံမှန် (နှင့်လိုအပ်သလို) စစ်ဆေးရန်၊ အရည်အသွေးထိန်းသိမ်းရေး (Quality Control) အတွက်လိုအပ်သည်ကို အကြံပေးရန်။

(င) အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းနှင့်ညီညွတ်သော အထပ်မြင့်အဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

ကျော်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ (ပြည်ထောင်စုဝန်ကြီးရုံး) အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ မှ အဆက် ]**

၃။ ကမ်းခြေဒေသတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လိုသူသည် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအရ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရပြီးနောက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေအရ ဦးစီးဌာနသို့ လျှောက်ထားရယူရမည်။ (ကမ်းခြေဒေသတွင် ပြည်တွင်းဧည့်သည်များ အတွက်သာ တည်းခိုရန်အတွက် ဖွင့်လှစ်ဆောင်ရွက်လိုပါက သက်ဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့တွင် လုပ်ငန်းလိုင်စင်ရယူရမည်။)

(ခ) ဒေသဆိုင်ရာနှင့် သက်ဆိုင်ရာဌာနအသီးသီးတို့၏ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

(ဂ) ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) ဦးစီးဌာနနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း၊ အစိုးရဌာနများက သတ်မှတ်ထားသော စာရင်းများနှင့် မှတ်တမ်းများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ပေးပို့ရမည်။

(င) မြေစာရင်းဦးစီးဌာနက သတ်မှတ်ခွင့်ပြုချက်ရသော မြေအကျယ်အဝန်းထက် ပိုမို၍ မြေတိုးချဲ့ခြင်း မပြုရ။ ပိုမိုတိုးချဲ့သောမြေကို ပြန်လည်သိမ်းယူခြင်းခံရမည်။

(စ) လိုင်စင်ရယူထားသည့် အခန်းအရေအတွက်နှင့်မျှတသော ဧည့်သည်အရေအတွက်ကိုသာ လက်ခံ တည်းခိုစေရမည်။

(ဆ) ဟိုတယ်၊ တည်းခိုရိပ်သာပရိဝုဏ်အတွင်း အမှိုက်စွန့်ပစ်ရန် အမှိုက်ပုံးများလုံလောက်စွာထားရှိ ပေးရမည်။ အမှိုက်ပုံးအတွင်းသို့ အမှိုက်ပစ်ရေးအတွက် သတိပေးအမှတ်အသား ပြုလုပ်ထားရမည်။

(ဇ) ဟိုတယ်နှင့် တည်းခိုရိပ်သာရှေ့ သဲသောင်ပြင်တွင် ပယ်လယ်ရေအတက်အကျကြောင့် ရောက်ရှိလာသော အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို နေ့စဉ်ရှင်းလင်းရမည်။

(ဈ) ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ညှိနှိုင်း၍ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး အတွက် နေရာသတ်မှတ်၍ စနစ်တကျစွန့်ပစ်ရန် စီမံဆောင်ရွက်ရမည်။

(ည) အမှိုက်များကို စွန့်ပစ်ရာတွင် ပြန်လည်အသုံးချနိုင်သည့်ပစ္စည်းများကို ခွဲခြားစွန့်ပစ်နိုင်ရန် စီမံဆောင်ရွက်ရမည်။

(ဋ) ပြည်တွင်း/ပြည်ပ ဧည့်သည်များ စိတ်ကျေနပ်မှုရစေရန် အဆင့်မီသောဝန်ဆောင်မှုပေးရမည်။ အဆင့်မီသော အိပ်ခန်း၊ အိပ်ရာ၊ ရေချိုးခန်း၊ မျက်နှာသုတ်ပဝါ၊ ရေချိုးသန့်ရှင်းမှု၊ သပ်ရပ်ညီညာမှု၊ သင့်တင့်မျှတသော ဈေးနှုန်းနှင့် လေ့ကျင့်ထားပြီးဖြစ်သော ဝန်ထမ်းတို့ဖြင့် ဝန်ဆောင်မှုပေးရမည်။

(ဌ) ဟိုတယ် သို့မဟုတ် တည်းခိုခန်း၌ တည်းခိုသူဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိသော အိပ်ခန်းများကို တည်ဆောက်ရမည်။ အိပ်ခန်းအရေအတွက်၏ ၂ ဆနှင့်ညီသော သို့မဟုတ် စုပေါင်းဧည့်သည်တည်း ကုတင်အရေအတွက်နှင့်ညီမျှသော အသက်ကယ်အင်္ကျီထားရှိရမည်။

(ဍ) အခန်း ၄၀ နှင့်အထက်ရှိသော ဟိုတယ်များသည် အမျိုးသား၊ အမျိုးသမီး အလှပြင်လုပ်ငန်းထားရှိခြင်း၊ SPA, Massage ဝန်ဆောင်မှုပေးခြင်းကို ဆောင်ရွက်မည်ဆိုပါက အဆိုပါဝန်ဆောင်မှုဆောင်ရွက်ခွင့်အတွက် ဦးစီးဌာနနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့တို့တွင် ခွင့်ပြုချက်ရယူထားရမည့်အပြင် မြန်မာ့ဓလေ့ထုံးစံနှင့် မလျော်ညီသည့် ပြုမူဆောင်ရွက်ခြင်းများ မပြုလုပ်ရ။

(ဎ) ခရီးသည်များ အန္တရာယ်ကင်းရှင်းသော ရေကူးရန်နေရာကို သတ်မှတ်ရွေးချယ်ထားရှိရန်နှင့် အန္တရာယ်ဖြစ်နိုင်သည့် နေရာများတွင် သင်္ကေတပြသ၍ တားမြစ်နယ်မြေအဖြစ် ဆိုင်းဘုတ်ရေးသားစိုက်ထူခြင်းကို ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းတစ်ရပ်က တာဝန်ပေးလာပါက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဏ) အုပ်ထိန်းသူမပါဘဲ ကလေးသူငယ်များပင်လယ်ရေချိုးခြင်းမပြုလုပ်ရန် ခရီးသည်များကို ကြိုတင်သတိပေးထားရမည်။

(တ) ပင်လယ်ရေအတက်အကျဖြစ်ပေါ်သည့် ဒီရေတက်သောရက်များနှင့်အလင်းရောင်အားနည်းချိန်များ (နံနက်စောစော၊ နေဝင်ပြီးချိန်၊ ညအချိန်) တွင် ပင်လယ်ရေချိုးခြင်းမပြုလုပ်ရန် ခရီးသည်များကို ကြိုတင်သတိပေးထားရမည်။

(ထ) ကျောက်ဆောင်၊ ကျောက်တုံးများပေါ်မှ ဒိုင်ဗင်ထိုးခြင်းနှင့် ကျောက်ဆောင်များအနီးတွင် ရေချိုးခြင်းမပြုလုပ်ရန် ခရီးသည်များကို ကြိုတင်သတိပေးထားရမည်။

(ဒ) ရေကျချိန်တွင် ရေမျောရော်ဘာကွင်းစီးခြင်းသည် အန္တရာယ်ရှိကြောင်းနှင့် ရေနက်ပိုင်းသို့ သွားရောက်ခြင်းမပြုရန် ခရီးသည်များကို ကြိုတင်သတိပေးထားရမည်။

(ဓ) အသက်ငယ်ရွယ်သူများနှင့် ရေမကူးတတ်သူများအတွက် လိုအပ်ပါက အသက်ကယ်အင်္ကျီများ ဝတ်ဆင်ပြီးမှ ရေကူးကြရန် ကြိုတင်သတိပေးထားရမည်။

(န) ဟိုတယ်နှင့်တည်းခိုရိပ်သာပရိဝုဏ်ရှိ အပန်းဖြေနယ်မြေသည် အများအသုံးပြုသော မော်တော်ကားလမ်း၏ လမ်းနယ်နိမိတ်တွင် ပါဝင်ခြင်းမရှိစေရန် သတ်မှတ်ဆောင်ရွက်ရမည်။

(ပ) ဟိုတယ်နှင့်တည်းခိုရိပ်သာမှထွက်သော ရေဆိုးရေညစ်များ ပင်လယ်တွင်းသို့ စီးဆင်းမှုမရှိစေရန် ဆောင်ရွက်ထားရှိရမည်။

(ဖ) ကမ်းခြေတွင်စိုက်ပျိုးထားသော အုန်းပင်၊ အုန်းသီး၊ အုန်းလက်နှင့် အခြားကိုင်းဆတ်သော အပင်များကြောင့် ခရီးသည်များ မထိခိုက်အောင် ဆောင်ရွက်ထားရှိရမည်။

(ဗ) ဟိုတယ်နှင့် တည်းခိုရိပ်သာပရိဝုဏ်အတွင်း အရိပ်ရပြီး ရေဒဏ်၊ လေဒဏ်ခံနိုင်သော အပင်များကို အကွက်ချစိုက်ပျိုးရမည်။

(ဘ) မိမိဟိုတယ်အလိုက် ပင်လယ်ကမ်းခြေတွင် ခရီးသည်များ အပန်းဖြေအနားယူစဉ်ကာလအတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို မြင်သာသည့်နေရာတွင်

သတိပေးဆိုင်းဘုတ်များ ရေးသားစိုက်ထူခြင်း၊ သတိပေးပြောကြားခြင်းနှင့် ဟိုတယ်ယူနီဖောင်းဝတ်ဝန်ထမ်း (သို့မဟုတ်) စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ခရီးသည်များ သိရှိလိုက်နာစေရေး အကူအညီပေးရမည်။

( မ ) ကမ်းခြေတွင်ရှိသော ဟိုတယ်နှင့်တည်းခိုရိပ်သာ ပရိဝုဏ်ဝင်းအတွင်း သန့်ရှင်းစွာသစ်ပင်၊ ပန်းမန်နှင့် မြက်များကို စိုက်ပျိုးရမည်။

(ယ) အပန်းဖြေစခန်း၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ ပန်းခြံစည်းရိုးကို ပတ်လည်ကာရံရမည်။ (ကမ်းခြေဘက်တွင် လိုအပ်ချက်အရ လှပစွာ အနိမ့်ကာရံနိုင်သည်။)

( ရ ) မီးဖိုဆောင်၊ အဝတ်ခဝါဒိုဘီရုံများ၊ အဝတ်လှန်းရန်နေရာများ၊ စတိုများနှင့် ဟိုတယ်တည်းခိုခန်းဝင်းအတွင်း အမှိုက်ပစ်နေရာများ၊ စားသောက်ခန်းနှင့်ကာရာအိုကေနေရာများအား သန့်ရှင်းသပ်ရပ်စွာထားရှိရမည်။

(လ) ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း၏ ဝန်ထမ်းအားလုံးသည် တာဝန်ချိန်တွင် မိမိဟိုတယ်နှင့်တည်းခိုရိပ်သာအလိုက် တူညီသော သတ်မှတ်ဝတ်စုံဝတ်ဆင်စေရမည်။

( ဝ ) မိမိဟိုတယ်၊ မိုတယ်၊ အပန်းဖြေစခန်း၊ တည်းခိုခန်းရှေ့မျက်နှာစာနှင့် ပင်လယ်ကမ်းစပ်အကြားသဲသောင်ပြင်သန့်ရှင်းရေးကို မိမိဟိုတယ်ရှေ့ မျက်နှာစာအလိုက် တာဝန်ယူ ထိန်းသိမ်းရမည်။

(သ) မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသည့် ဝန်ဆောင်မှုလုပ်ငန်းများသာ ဆောင်ရွက်ရမည်။

(ဟ) လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်က တာဝန်ပေးအပ်ထားသည့် စီမံခန့်ခွဲသူ မန်နေဂျာ သို့မဟုတ် ကြီးကြပ်သူ သို့မဟုတ် အခြားလုပ်သားတစ်ဦးဦးက လုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်ပျက်ကွက်လျှင်ဖြစ်စေ၊ တည်ဆဲဥပဒေနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ ယင်းတာဝန်ပျက်ကွက်မှု သို့မဟုတ် ဖောက်ဖျက်ကျူးလွန်မှုအတွက် တာဝန်ရှိစေရမည်။

( ဠ ) ပတ်ဝန်းကျင်ကိုထိခိုက်နိုင်ပြီး အနှောင့်အယှက်ဖြစ်စေနိုင်သောမည်သည့် ပျော်ရွှင်မှုနှင့်ဝန်ဆောင်မှုကိုမျှ ဆောင်ရွက်ခြင်းမပြုရ။

၄။ ကမ်းခြေဒေသတွင် ဧည့်သည်များအတွက် အစားအစာ၊ အဖျော်ယမကာနှင့် အခြားဖျော်ဖြေရေးများဖြင့် ဝန်ဆောင်မှုပေးသော စားသောက်ဆိုင်များဆောင်ရွက်လိုပါက သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနစသည်တို့၏ ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၅။ ကမ်းခြေဒေသတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းအပြင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ကမ်းခြေရေပြင်တွင် ရေလွှာလျှောစီး (Jet Ski) မောင်းနှင်ခြင်း၊ အမြန်ယာဉ်၊ မော်တော်ဘုတ်အငှားအပျော်စီးခြင်းနှင့် ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများအပါအဝင် မည်သည့်လုပ်ငန်းကိုမဆိုလုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနများနှင့်ဦးစီးဌာနတို့၏ ခွင့်ပြုချက်နှင့်အညီ အခြားခရီးသည်များ အနှောင့်အယှက်မဖြစ်စေဘဲ လုပ်ငန်းဆောင်ရွက်ရမည်။

( ခ ) ဧည့်သည်များအပန်းဖြေစိတ်ပျော်ရွှင်မှုအတွက် ရေလုံလေလုံသောတာယာဘောကွင်း၊ ရော်ဘာလှေ၊ မြင်း၊ မြင်းလှည်း၊ နွား၊ နွားလှည်း၊ တိရစ္ဆာန်၊ တိရစ္ဆာန်ဆွဲယာဉ်၊ စက်ဘီး၊ ဆိုင်ကယ်၊ စက်တပ်လှေနှင့် သင်္ဘောများ ထားရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ အဆင့်မြင့်အဝေးသွားစက်တပ်ယာဉ်များအတွက် ဦးစီးဌာနတွင်လည်းကောင်း လုပ်ငန်းခွင့်ပြုချက်ရယူရမည်။

( ဂ ) ရေငုပ်ခြင်း (Scuba Diving & Snorkelling)၊ ရွက်လှေစီးခြင်းနှင့် ရေပြင်သုံးအမြန်ယာဉ်ထားရှိခြင်းလုပ်ငန်းများအတွက် ဦးစီးဌာနတွင် လုပ်ငန်းခွင့်ပြုချက်ယူထားရမည်။

(ဃ) အုပ်စုဖွဲ့ရောက်ရှိလာသော ခရီးသည်အဖွဲ့များ၏ ဝိုင်းဖွဲ့ကခုန်ကစားခြင်းကို အခြားခရီးသည်များအား အနှောင့်အယှက်မဖြစ်စေရေးအတွက် ကြိုတင်ခွင့်ပြုချက်ရယူရမည်။ အုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်အရသာသတ်မှတ်နေရာ၊ သတ်မှတ်ချိန်အတွင်း ကျင်းပရမည်။

(င) မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပင်လယ်ကမ်းခြေ သာယာလှပစေရေးအတွက် သဲသောင်ပြင်တွင် မီးပုံပွဲများ ပြုလုပ်လိုပါက ဒေသအုပ်ချုပ်ရေးအဖွဲ့ထံ ကြိုတင်တင်ပြခွင့်ပြုချက် ရယူရမည်။ မီးပုံပွဲကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်ကမ်းခြေသန့်ရှင်းမှု မထိခိုက်အောင် တာဝန်ယူပြီး ပြန်လည်ထိန်းသိမ်းသန့်ရှင်းပေးရမည်။

၆။ ကမ်းခြေဒေသတွင် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် ကမ်းခြေဒေသ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် အောက်ပါအတိုင်း စီမံထားရှိရမည် -

(က) ဧည့်သည်များ၏ ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိဌာနများမှ ဒေသတစ်ခုလုံးအတွက် ရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး စီမံချက်ဘောင်အတွင်း အကျုံးဝင်သော စီမံချက်ကို ညှိနှိုင်းရေးဆွဲထားရမည်။

(ခ) စီမံချက်ပါ အချက်များအတိုင်း ဧည့်သည်များ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်နိုင်စေရန် အသိပေးခြင်းနှင့် လိုအပ်ပါက ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ထားရမည်။

(ဂ) ဆူနာမီလေပြင်းမုန်တိုင်း၊ မြေငလျင် စသည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လက်လှမ်းမီသမျှ သတင်းရယူ၍ မိမိတို့နားလည်သမျှ အချက်အလက်များကို တည်းခိုနေထိုင်သည့်ဧည့်သည်များထံ အသိပေးထားရန်နှင့် ကြိုတင်သိရှိစေရန် အချက်ပေးစနစ် စီမံထားရှိရမည်။

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်လျှင် ရှောင်ရှားရမည့် နေရာများ၊ စုရုံးပုန်းခိုနိုင်သည့် နေရာများ၊ ယင်းနေရာများသို့ သွားလာနိုင်သည့် လမ်းကြောင်းများနှင့် ဆက်သွယ်ရေးစနစ်များကို မြေပုံကားချပ်များရေးဆွဲ၍ ဧည့်သည်များသိရှိစေရန် ဆောင်ရွက်ထားရမည်။ ဝန်ထမ်းများကို ဇာတ်တိုက် လေ့ကျင့်ထားရမည်။

(င) သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် သတင်းကြိုတင်ရရှိပါက ဧည့်သည်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းနေရာချထားနိုင်စေရန် လုံခြုံစောင့်ရှောက်မှုပေးနိုင်မည့် အရန်နေရာကို ဒေသဆိုင်ရာအာဏာပိုင်နှင့်ညှိနှိုင်း၍ ကြိုတင်စီမံထားရမည်။ ဝန်ထမ်းများအားလုံးသို့ အရန်နေရာကို အသိပေးထားရမည်။

(စ) သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ပါက ဦးစားပေး ဆောင်ရွက်ရမည့်အစီအစဉ်ကို ရေးဆွဲ၍ ဧည့်သည်များ အလွယ်တကူ သိရှိနိုင်စေရန် စီမံဆောင်ရွက်ထားရမည်။

၇။ ကမ်းခြေဒေသတွင် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် မီးဘေးလုံခြုံရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကမ်းခြေဒေသရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဒေသခံပြည်သူများ၏ လူ၊ ပစ္စည်းနှင့် အဆောက်အအုံများ၏ မီးဘေးဆိုင်ရာ လုံခြုံရေးစီမံချက်ကို ဒေသဆိုင်ရာအာဏာပိုင် မီးသတ်တပ်ဖွဲ့တို့နှင့် သတ်မှတ်ညှိနှိုင်းရေးဆွဲထားရမည်။

(ခ) ကမ်းခြေဒေသ မီးဘေးလုံခြုံရေးစီမံချက်တွင် ပါဝင်သောဧည့်သည်များနှင့် ဝန်ထမ်းများမှ ပါဝင်ဆောင်ရွက်ရမည့်အပိုင်းကို ဧည့်သည်တိုင်း၊ ဝန်ထမ်းတိုင်း အလွယ်တကူ သိရှိနားလည်စေရန် စီမံဆောင်ရွက်ထားရမည်။

(ဂ) မီးဘေးအန္တရာယ်ပေါ်ပေါက်ပါက ဧည့်သည်များနှင့် ယင်းတို့၏ ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းရာသို့ ပြောင်းရွှေ့ပေးနိုင်မည့် စီမံချက်ကို သတ်မှတ်ရေးဆွဲထားရန်နှင့် ဧည့်သည်များ အလွယ်တကူ လိုက်နာနိုင်မည့်စနစ်ကို ဖန်တီးအသိပေးထားရမည်။

(ဃ) မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ပါက လျင်မြန်စွာ စနစ်တကျ မီးငြိမ်းသတ်ရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများ (ဥပမာ မီးသတ်ယာဉ်၊ မီးသတ်ဆေးဘူး စသည်တို့) ကို မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အညီ ပြည့်စုံစွာ ဖြည့်တင်းထားရှိရမည်။

(င) မီးဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်နှင့် အချက်ပေးစနစ်များကိုသတ်မှတ်၍ အားလုံးသိရှိအောင် အသိပေးထားရမည်။

(စ) မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုအပေါ် အရေးပေါ်ပြုစုစောင့်ရှောက်မှုချက်ချင်းပေးနိုင်စေရန် ဝန်ထမ်းများအား ရှေးဦးသူနာပြုစုနည်းကို သိနားလည်အောင်ဆောင်ရွက်ထားရမည်။

(ဆ) ဧည့်သည်များမှ မီးပုံးပျံလွှတ်ခြင်းကို ရှောင်ကြဉ်ရမည်၊ သို့ရာတွင် ဆောင်ရွက်လိုပါက မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များ ကြိုတင်ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့နှင့် တာဝန်ရှိ အဖွဲ့အစည်းများထံ ကြိုတင်အသိပေးတင်ပြပြီးမှ ဂရုပြုဆောင်ရွက်ရမည်။

၈။ ကမ်းခြေဒေသရှိ ဟိုတယ်နှင့်တည်းခိုခန်းများ၌ တည်းခိုနေသော ဧည့်သည်များအား ကျန်းမာရေးအကာအကွယ်ပေးနိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ဟိုတယ်များနှင့် စားသောက်ဆိုင်များသည် ဧည့်သည်များအား ကျန်းမာရေးအကာအကွယ် အပြည့်အဝ အာမခံပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရမည်။

(ခ) ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် တည်ခင်းဧည့်ခံကျွေးမွေးသော အစားအသောက်များသည် ကျန်းမာရေးလုံခြုံမှု အပြည့်အဝ ရှိစေရမည်။

(ဂ) ဟိုတယ်များ၊ စားသောက်ဆိုင်များရှိ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် စားသောက်ဖွယ်ရာများကို ၆ လတစ်ကြိမ်ဖြစ်စေ၊ သင့်လျော်သည့်ကာလတွင် ကျန်းမာရေးဌာနနှင့် ညှိနှိုင်း၍ဖြစ်စေ ပုံမှန် စစ်ဆေးမှုများ ဆောင်ရွက်ရမည်။

(ဃ) ကမ်းခြေဒေသတွင် ကြုံတွေ့နိုင်သော ရေမြေဒေသ၊ ရာသီဥတုအလိုက် စားသောက်ဖွယ်ရာများနှင့် သက်ဆိုင်သည့် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များကို ကျန်းမာရေးဌာနနှင့်ဒေသခံများထံမှ လေ့လာမှတ်သား၍ ဧည့်သည်များလိုက်နာနိုင်စေရန် အသိပေးဆောင်ရွက်ရမည်။

(င) ပုံမှန်မဟုတ်သော ကပ်ရောဂါဆန်သည့် ရောဂါဘယများပေါ်ပေါက်လာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ဆက်သွယ်၍ ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများအမြန်ဆုံး ဆောင်ရွက်နိုင်စေရန် စီစဉ်ဆောင်ရွက်ထားရမည်။

(စ) ဧည့်သည်များ၏ ကျန်းမာရေးနှင့်သက်ဆိုင်သောကိစ္စရပ်များကို အချိန်မရွေးဖြေရှင်းဆောင်ရွက်နိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုဌာနတစ်ခုကို လုပ်ငန်းရှင်များ၏ ပံ့ပိုးစီမံမှုဖြင့် တည်ထောင်ထားရမည်။

၉။ ကမ်းခြေဒေသတွင် လုပ်ငန်းဆောင်ရွက်မည့် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် ဤအမိန့်ကြော်ငြာစာပါညွှန်ကြားချက်များကို တိကျစွာ လိုက်နာရမည့်အပြင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၀။ လိုက်နာရန်ပျက်ကွက်ပါက မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ဌေးအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၁၃၅/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့ အမှတ် (၁၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-ကွင်းပြင်ပ၊ ဦးပိုင်အမှတ် (N-၁၁)၊ **မြေဧရိယာ (၅. ၀၀) ဧက**အား **"ရွှေလရောင်ပရိယတ္တိစာသင်တိုက်"** အဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ရေတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

အမှတ်စဉ် ၁၅/၂၀၁၄ ။ ။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**
**စက်မှုလက်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | ဇော်ထက်အောင် | ရေ | ၅၁၂၅ |
| (၂) | ထူးနိုင်အောင် | ရေ | ၅၁၂၆ |
| (၃) | ရဲမင်းထက် | ရေ | ၅၁၂၇ |
| (၄) | ရဲမောင် | ရေ | ၅၁၂၈ |
| (၅) | စိန်မိုး | ရေ | ၅၁၂၉ |
| (၆) | လင်းထက် | ရေ | ၅၁၃၀ |
| (၇) | အောင်ငြိမ်းချမ်း | ရေ | ၅၁၃၁ |

| | | | |
|---|---|---|---|
| (၈) | စိုးသီဟ | ရေ | ၅၁၃၂ |
| (၉) | အောင်မင်းမြတ် | ရေ | ၅၁၃၃ |
| (၁၀) | ဖြိုးမင်း | ရေ | ၅၁၃၄ |
| (၁၁) | ဇင်မိုးဦး | ရေ | ၅၁၃၅ |
| (၁၂) | ရန်ပိုင်ထွန်း | ရေ | ၅၁၃၆ |
| (၁၃) | ကျော်ဇင်ဦး | ရေ | ၅၁၃၇ |
| (၁၄) | ထက်အောင်ဝင့် | ရေ | ၅၁၃၈ |
| (၁၅) | အောင်နိုင်ဝင်း | ရေ | ၅၁၃၉ |
| (၁၆) | ရဲမြင့် | ရေ | ၅၁၄၀ |
| (၁၇) | အာကာထူး | ရေ | ၅၁၄၁ |
| (၁၈) | သက်ပိုင်ထွန်း | ရေ | ၅၁၄၂ |
| (၁၉) | ရဲထွန်းဝင်း | ရေ | ၅၁၄၃ |
| (၂၀) | ထက်နိုင်အောင် | ရေ | ၅၁၄၄ |
| (၂၁) | ကျော်နိုင်ထွန်း | ရေ | ၅၁၄၅ |
| (၂၂) | တိုးတက်အောင် | ရေ | ၅၁၄၆ |
| (၂၃) | ဖြိုးဟိန်းကျော် | ရေ | ၅၁၄၇ |
| (၂၄) | ဥက္ကာဝင်းဇော် | ရေ | ၅၁၄၈ |
| (၂၅) | ကျော်ထက်အောင် | ရေ | ၅၁၄၉ |
| (၂၆) | ညီညီလွင် | ရေ | ၅၁၅၀ |
| (၂၇) | ခန့်ထက်ကြွယ် | ရေ | ၅၁၅၁ |
| (၂၈) | အောင်မျိုးခိုင် | ရေ | ၅၁၅၂ |
| (၂၉) | အောင်မျိုးမင်း | ရေ | ၅၁၅၃ |
| (၃၀) | မင်းထွဋ်အောင် | ရေ | ၅၁၅၄ |
| (၃၁) | နိုင်ဇော်ရှင်း | ရေ | ၅၁၅၅ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

အမှတ် ၁၅၇/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | လှကြိုင် | ကြည်း | ၆၇၅၉၈ | (၂၀-၁၀-၂၀၁၄) |
| (၂) | လှဖြူသန်း | ကြည်း | ၆၇၅၉၉ | (၂၁-၁၀-၂၀၁၄) |
| (၃) | သောင်းတင် | ကြည်း | ၆၇၆၀၀ | (၂၁-၁၀-၂၀၁၄) |
| (၄) | မြအေး | ကြည်း | ၆၇၆၀၁ | (၂၁-၁၀-၂၀၁၄) |
| (၅) | ခင်စိုး | ကြည်း | ၆၇၆၀၂ | (၂၁-၁၀-၂၀၁၄) |
| (၆) | အောင်မြင့်လွင် | ကြည်း | ၆၇၆၀၃ | (၂၁-၁၀-၂၀၁၄) |
| (၇) | သိန်းရွှေ | ကြည်း | ၆၇၆၀၄ | (၂၁-၁၀-၂၀၁၄) |
| (၈) | မျိုးနိုင် | ကြည်း | ၆၇၆၀၅ | (၂၁-၁၀-၂၀၁၄) |
| (၉) | ချစ်မင်း | ကြည်း | ၆၇၆၀၆ | (၂၁-၁၀-၂၀၁၄) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | | |
|---|---|---|---|
| ရန်ကုန်မြို့ | { | ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် ) } | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**MYAT HMU THA KHIN TRADING CO.,LTD.**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **MYAT HMU THA KHIN TRADING CO.,LTD.** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၀. ၂. ၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်-၃၊ အခန်း-၁၊ ရွှေဂုံ့ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မာမာဝင်း B.Com, C.P.A (စာရင်းစစ်) [၁၂/ဗဟန (နိုင်) ၀၈၁၃၃၁] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U Soe Naing | ဒေါ်မာမာဝင်း |
| Managing Director | စာရင်းစစ် |
| MYAT HMU THA KHIN TRADING CO.,LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## Ever November Industry Company Limited

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Ever November Industry Co.,Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၁. ၂. ၂၀၁၅) နေ့တွင် ကုမ္ပဏီရုံး၌ ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ချိုချိုတိုး နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၂/မရက (နိုင်) ဝ၇ဝ၈၅၃] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁၃. ၃. ၂၀၁၅) နေ့ နောက်ဆုံးထား၍ ဒေါ်ချိုချိုတိုး (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Aung Gyi
Managing Director
Ever November Industry Co.,Ltd.

ဒေါ်ချိုချိုတိုး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Hteik Tan Myanmar Thitsa Company Limited

နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်၊
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ၊
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ချစ်မင်းစံ
မန်နေးဂျင်းဒါရိုက်တာ
ထိပ်တန်းမြန်မာသစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဒေါ်စန္ဒာအေး
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**အာရှအောင်မြင်ဖွံ့ဖြိုးမှုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**Asia Boom Construction Co.,Ltd**

အပြီးသတ်ဖျက်သိမ်းနိုင်ရန် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်သည်။

ကျင်းပမည့်နေ့ရက်　။　။　၁၃. ၃. ၂၀၁၅၊

ကျင်းပမည့်အချိန်　။　။　နံနက် (၉း၃၀) နာရီ၊

ကျင်းပမည့်နေရာ　။　။　ကုမ္ပဏီရုံးခန်း။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံ၊ စာရင်းရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမြတ်လွင်မိုး
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ပြည့်အားမာန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**Full Strength Construction Co.,Ltd**

အပြီးသတ်ဖျက်သိမ်းနိုင်ရန် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်သည်။

ကျင်းပမည့်နေ့ရက်　။　။　၁၃. ၃. ၂၀၁၅၊

ကျင်းပမည့်အချိန်　။　။　နံနက် (၁၁း၃၀) နာရီ၊

ကျင်းပမည့်နေရာ　။　။　ကုမ္ပဏီရုံးခန်း။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံ၊ စာရင်းရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမြတ်လွင်မိုး
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ထက်မြက်သောရောင်းရင်းများ ပေါင်းစည်းစွမ်းအင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
## Brilliant Partner United Power Construction Co.,Ltd

အပြီးသတ်ဖျက်သိမ်းနိုင်ရန် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်သည်။

ကျင်းပမည့်နေ့ရက် ။ ။ ၁၃. ၃. ၂၀၁၅၊
ကျင်းပမည့်အချိန် ။ ။ နေ့လယ် (၁း၃၀) နာရီ၊
ကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံ၊ စာရင်းရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမြတ်လွင်မိုး
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ
## ချမ်းမြေ့သန္တာ ဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **ချမ်းမြေ့သန္တာ ဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် (CHAN MYAE THANDAR SERVICES COMPANY LIMITED.)** ကို (၉. ၂. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Capt; Daw Su Su (Retd),
Managing Director
Chan Myae Thandar Services Co.,Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ**
**ကမ္ဘာ့တစ်လွှား သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်**
**(TRANS-GLOBAL MINING COMPANY LIMITED.)**

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **ကမ္ဘာ့တစ်လွှား သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (TRANS-GLOBAL MINING COMPANY LIMITED.)** ကို (၉. ၂. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| THEO LIAN PIANGA | ဦးမင်းလွင်ထူး |
| Managing Director | (အထက်တန်းရှေ့နေ) |
| Trans-Global Mining Co.,Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**အက်(စ်)ဂျီအီး မြန်မာကုမ္ပဏီလီမိတက်**
**S G E Myanmar Company Limited.** အား
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်　။　။　၁၂. ၃. ၂၀၁၅၊
ကျင်းပမည့်အချိန်　။　။　နံနက် (၉း၃၀) နာရီ၊
ကျင်းပမည့်နေရာ　။　။　အက်(စ်)အိပ်(ချ်)-ဘီ (၁)၊ အမှတ် (၈)၊ (၃-လွှာ)၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ၊ ရှင်းလင်းချက်များနှင့် စာရင်း ရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး
(LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**Infinite Benevolence Media Co.,Ltd**

(အစုရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

Infinite Benevolence Media Co.,Ltd ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၂၀. ၂. ၂၀၁၅

အချိန် - နံနက် ၉း၃၀ နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၂၃)၊ အခန်း-၃၀၂ (ဘီ)၊ ဘီ (ဘလောက်)၊ အင်ကြင်းလမ်း၊ ယုဇနဉယျာဉ်
မြို့တော်၊ ဒဂုံဆိပ်ကမ်း၊ ရန်ကုန်မြို့။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်စန္ဒာအေး
B.Com, C.P.A

**Infinite Benevolence Industries Co.,Ltd**

(အစုရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

Infinite Benevolence Industries Co.,Ltd ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၂၀. ၂. ၂၀၁၅

အချိန် - နံနက် ၉း၃၀ နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၂၃)၊ အခန်း-၃၀၂ (ဘီ)၊ ဘီ (ဘလောက်)၊ အင်ကြင်းလမ်း၊ ယုဇနဉယျာဉ်
မြို့တော်၊ ဒဂုံဆိပ်ကမ်း၊ ရန်ကုန်မြို့။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်စန္ဒာအေး
B.Com, C.P.A

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၁၃-၂-၂၀၁၅။